# ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ စနေနေ့ (16-11-2013) (၇၆၆၆)


* ဥရောပသမဂ္ဂ၏ ဖွံ့ဖြိုးရေးအကူအညီများကိုလည်း တိုးမြှင့်ပေးခဲ့သကဲ့သို့ ယခုအချိန်တွင် ဥရောပသမဂ္ဂ၏ ကိုယ်စားလှယ်အဖွဲ့လည်း မြန်မာနိုင်ငံ၌ ရုံးစိုက်တည်ရှိနေပြီဖြစ်။
* ယင်းကူညီမှုများ၊ တိုးတက်မှုများသည် မိမိတို့အစိုးရနှင့် အခြားသက်ဆိုင်ရာ အကျိုးရှင်များအကြား ပိုမိုတောင့်တင်းခိုင်မာသော အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာအောင် ထောက်ပံ့ပေးနိုင်ခဲ့ခြင်း ဖြစ်သည့်အတွက် အထူးကျေးဇူးတင်။

## မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများစွာကို ဖော်ဆောင်နိုင်ခဲ့ လက်ရှိတွင် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရှိနေပြီဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၅

**မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။**

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်များ၊ ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာ မူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စကက်သရင်းအက်ရှ်တန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ ယခုနှစ် အစောပိုင်းကာလက ဘရပ်ဆဲလ်မြို့တွင် မိမိအား ဧည့်ဝတ်ကျေပွန်စွာ နွေးနွေးထွေးထွေးကြိုဆိုခဲ့ကြသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အထူးလှိုက်လှိုက်လှဲလှဲ ပျူပျူငှာငှာဖြင့် အိမ်ရှင့်တာဝန်ကျေပွန်စွာ ဧည့်ခံနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။

မိမိ၏ဥရောပခရီးစဉ်သည် ဥရောပကို ပထမဦးဆုံးခရီးစဉ်ဖြစ်သည့်အပြင် တကယ့်ကို ထူးခြားသောခရီးစဉ်ဖြစ်ပါကြောင်း၊ အပြောင်းအလဲများ၏ အစဦးပိုင်းကာလများကတည်းက မိမိတို့ကို မယိမ်းမယိုင် ထောက်ခံအားပေးခဲ့ကြသည့် ယုံကြည်ခဲ့ကြသည့် မိတ်ကောင်းဆွေကောင်းများကို ကျေးဇူးတင်နိုင်ရန် ဒီခရီးစဉ်တွင် အခွင့်အရေးရခဲ့ပါကြောင်း၊ ဥရောပနိုင်ငံများသည် မိမိတို့ကို ယုံယုံကြည်ကြည်နှင့် ဘဏ္ဍာရေးအရ အကူအညီရော ပညာရပ်ပိုင်းဆိုင်ရာအကူအညီများပါ ထောက်ပံ့ကူညီပေးခဲ့ပါကြောင်း။

ခါးသီးလှသည့်ပြည်တွင်းစစ်ကို ဆယ်စုနှစ်များစွာဖြတ်သန်းပြီးနောက် မိမိတို့သည် စစ်၏အကြောင်းတရားများဖြစ်သည့် ကာလရှည်ကြာ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေခဲ့သော အမုန်းတရားနှင့် ရန်လိုမှုများ၊ သံသယများကို မည်ကဲ့သို့ ကျော်ဖြတ်ရမည်ဆိုသည်ကို သင်ခန်းစာများရရှိခဲ့သကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသားများအချင်းချင်းအကြား ပေါင်းစည်းဆက်သွယ်မှုပုံစံအသစ်၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)



## ပြာလုံလုံမိုးသားအောက်၊ နှင်းမှုန်များကြားက ပြင်ဦးလွင်မီးပုံးပျံပွဲတော်

**သတင်း - သက်နိုင်(ပြင်ဦးလွင်)**
**ဓာတ်ပုံ - ဇော်မင်းထွေး**

ဝသန်ကာလဥတုချိန်ခါကို မင်းမူခဲ့သော ဒေဝါမိုးမင်းကြီးသည် အားအင်ကုန်ခန်း၍ ညှိုးလျော့သွားသည့်အလား ပင်ပန်းနွမ်းနယ်ပျောက်ကွယ်သွားချိန်ဝယ်လောကကြီးတစ်ခုလုံးကို ပိုင်စိုးမင်းမူရန် ဟေမာန်ရာသီဆောင်း၏ဘုရင်၊ နှင်းပွင့်လေးများ၏သရဖူ၊ ပြာလဲ့လဲ့မိုးကောင်းကင်ကြီး၏ ဦးစီးဦးဆောင် မင်းကြီးသည် သိမ်မွေ့နူးညံ့သော မြောက်ပြန်လေညင်းတို့ကို အေးအေးမြမြထွေးပွေ့၍ ရောက်ရှိလာတော့သည်။

"သန်မိုးကုန်စဲ နှင်းစဖွဲ့သည် ခဝဲပွင့်တုန်း တန်ဆောင်မုန်း" ချိန်ခါသမယပင်ဖြစ်ပေသည်။ တန်ဆောင်မုန်းလပြည့်ညတွင် ဖိုးရွှေလမင်းကြီးသည် ကြတ္တိကာနက္ခတ်နှင့်ယှဉ်တွဲ၍ ထိန်ထိန်သာလျက်ရှိသည်ကို လှပမွှေးပျံသော ခဝဲပန်းရနံ့တို့နှင့်အတူ တွေ့မြင်ကြရပေတော့မည်။ ဤအချိန်အခါဝယ် တာဝတိံသာနတ်ပြည်တွင်ရှိသော စူဠာမဏိစေတီတော်မြတ်ကြီးကို ပူဇော်သောအားဖြင့် ရောင်စုံမီးပုံးပျံများကို လွှတ်တင်ပူဇော်ကြလေသည်။

ရှမ်းကုန်းမြေပြင်၏ တောင်ပြာတန်းပေါ်က ပြင်ဦးလွင်မြို့တွင်လည်း မီးပုံးပျံပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲသဲဖြင့် ကျင်းပလျက်ရှိနေသည်။ ပွဲတော်ကြီးကို မဟာအံ့ထူးကံသာပြည်ချစ်ဘုရားကုန်းပေါ်တွင် ကျင်းပလျက်ရှိရာ ဘုရားကြီး၏ ဘုန်းတော်ကျက်သရေ ပိုမိုတိုးတက်စေရန်၊ မြန်မာ့ရိုးရာဓလေ့များ မကွယ်ပျောက်သွားစေရန်၊ စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရစေရန်၊ ကမ္ဘာကပါသိရှိစိတ်ဝင်စားပြီး ဂုဏ်ယူဝံ့ကြွားနိုင်ရန်၊ ပြည်သူအချင်းချင်း ချစ်ခင်ရင်းနှီးမှုရစေရန်၊ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းပန်းဝယ်ပန်းတိုးတက်ပြီး စီးပွားရေးပိုမိုကောင်းမွန်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပွဲတော်ကြီးကျင်းပလျက်ရှိနေသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✿




မှန် ဒေါက်တာ
U.S.A.
www.MhanDoctor.com facebook.com/MhanDoctor

www.Thamardi.com facebook.com/Thamardi

**ကြေးမုံ စာတည်းရှေ့ထောင့် — ၁၆-၁၁-၂၀၁၃၊ စနေနေ့**

# ပညာရေးဖြင့် နိုင်ငံမြှင့်တင်

ပညာဟူသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်ပါသည်။

လူငယ်လူရွယ်များအနေဖြင့် ပညာတတ်များဖြစ်အောင် လေ့လာဆည်းပူးသင်ကြားမှုများပြုကြရာ၌ အတန်းအောင်လက်မှတ်ရရုံလောက်ဖြင့် ကျေနပ်မနေကြဘဲ မိမိတို့သင်ယူဆည်းပူးလေ့လာခဲ့ကြသော ဘာသာရပ်အလိုက် မိမိဘဝနှင့် လူမှုပတ်ဝန်းကျင်တိုးတက်အောင် အစဉ်ကြိုးပမ်းအားထုတ်ကြရမည်။

ပညာရေးနယ်ပယ်အနေဖြင့်လည်း ခေတ်စနစ်နှင့် ကိုက်ညီမည့် သင်ကြားမှု၊ သင်ယူမှုစနစ်များ၊ လက်တွေ့ကျသော လတ်တလော ပြုပြင်ပြောင်းလဲမှုများ၊ ရေရှည်ပြုပြင်ပြောင်းလဲမှုများ၊ ပညာရေးအကူအညီအထောက်အပံ့များ ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာရေးကဏ္ဍအရည်အသွေးမြင့်မားခြင်းသည် နိုင်ငံကြီးသည်၊ ငယ်သည်နှင့်မသက်ဆိုင်ဘဲ ယင်းနိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြင့်မားမှုအပေါ် မူတည်၍ ဖွံ့ဖြိုးတိုးတက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့ဒီမိုကရေစီအစိုးရသစ်အနေဖြင့် နိုင်ငံ၏ပကတိအရှိတရားနှင့် နိုင်ငံတကာတိုးတက်နေမှုအခြေအနေများအပေါ် ချိုင့်ချိန်ဆ၍ ပညာရေးပြုပြင်ပြောင်းလဲမှု အစီအမံများကို ပညာရေးဆိုင်ရာ ပညာရှင်များ၏ ညှိနှိုင်းအဖြေရှာ ကြံဆမှုဖြင့် စတင်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

တက္ကသိုလ်ပညာကိုမြှင့်တင်သောအားဖြင့် စာသင်ချိန်ကို တစ်နှစ်တိုးမြှင့်ပေးခဲ့ခြင်းဖြင့် သင်ကြားလေ့လာမှုအချိန်ပိုရကာ တတ်မြောက်မှု အရည်အသွေးမြင့်မားရေးကို ဆောင်ရွက်ခဲ့ကြသည်။ ဝန်ကြီးဌာနအားလုံး၏ ဘဏ္ဍာငွေ၏ ၅ ဒသမ ၂၄ ရာခိုင်နှုန်းကို ပညာရေးသို့ ခွဲဝေပေးခြင်းဖြင့် ပညာရေးအသုံးစရိတ်ကို တိုးမြှင့်ချထားပေးသည်။

အခြေခံပညာကဏ္ဍအတွက် အခမဲ့မသင်မနေရ မူလတန်းပညာလုပ်ငန်းစဉ်၊ ကျောင်းသားများအတွက် ပညာရေးထောက်ပံ့မှုအစီအစဉ်၊ လူရည်ချွန်ကဲ့သို့ ဘက်စုံထူးချွန်ဆုချီးမြှင့်ရေး အစီအစဉ်၊ ပုဂ္ဂလိကပညာသင်ကြားရေးအစီအစဉ်၊ ပညာရေးဆိုင်ရာဆွေးနွေးပွဲများ အစီအစဉ်၊ နိုင်ငံခြားပညာတော်သင်စေလွှတ်မှု အစီအစဉ်၊ ကျောင်းပြင်ပနှင့် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်၊ ဆရာ ဆရာမအရည်အသွေးမြင့်မားရေးနှင့် တိုးတက်ခန့်ထားရေးအစီအစဉ်၊ ဘုန်းတော်ကြီးသင်ပညာရေးအစီအစဉ်စသည့် အစီအမံများ ပညာရေးဆိုင်ရာတိုးတက်ပြောင်းလဲမှု၏ ထင်ရှားသော ပြယုဂ်များဟု ဆိုချင်ပါသည်။

ထိုသို့ဆောင်ရွက်နေခြင်းသည်မြန်မာနိုင်ငံ၏ အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံကောင်းများကို ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။ ပညာအရည်အသွေး မြင့်မားသောနိုင်ငံသည် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိပြီး ထိုဖွံ့ဖြိုးသည့်နိုင်ငံသည် ပညာဖွံ့ဖြိုးသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိကာ ဖွံ့ဖြိုးမှုစက်ဝိုင်းသံသရာလည်နေမည်ဖြစ်သည်။

တစ်နည်းဆိုရလျှင် ပညာရည်အနိမ့်အမြင့်နှင့် စီးပွားရေးအနိမ့်အမြင့်တို့သည် အချိုးကျနေသဖြင့် ပညာရည်မြင့်မားအောင် ပညာရေးနယ်ပယ်ရှိသင်ယူသူရော သင်ကြားပေးသူပါ ကြိုးပမ်းအားထုတ်ကြဖို့ လိုမည် ဖြစ်သည်။

ထို့ကြောင့် ပညာရေးဖြင့် နိုင်ငံမြှင့်မည့် ကျွန်ုပ်တို့နိုင်ငံ၏ ပညာရေးစနစ်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

# အမျိုးအစားစုံလင်လှသည့် သစ်တောများအား ပြုစုထိန်းသိမ်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (International Management Group-IMG) တို့ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံ သစ်တောဂေဟစနစ်ဝန်ဆောင်မှုများကို စီးပွားရေးဆိုင်ရာ တန်ဖိုးဖြတ်ခြင်း ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံသည် သဘာဝသစ်တော ဂေဟစနစ်မျိုးစုံရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး ကွဲပြားခြားနားသော ဂေဟစနစ်များစွာရှိသည့်နည်းတူ ဂေဟစနစ်ဝန်ဆောင်မှုများ အဖိုးတန်ဇီဝမျိုးစုံမျိုးကွဲများ၊ အဖိုးတန်သတ္တုနှင့် သယံဇာတများပေါကြွယ်ဝသော နိုင်ငံတစ်ခုလည်းဖြစ်ပါကြောင်း၊ နိုင်ငံ၏ ဘူမိရုပ်သွင်နှင့် ရာသီဥတုကွဲပြားခြားနားမှုများကြောင့် ကျွန်းကဲ့သို့အဖိုးတန်သစ်မျိုးများပေါက်ရောက်ရာ ရွက်ပြတ်ရောနှောတောများ၊ အမြဲစိမ်းသစ်တောများ၊ ဒီရေတောများအစရှိသည့် သဘာဝသစ်တော ဂေဟစနစ်မျိုးစုံ တည်ရှိလျက်ရှိပါကြောင်း၊ ထိုသို့ သဘာဝတရားက ပေးအပ်ထားသော အရေးပါလှသည့် ဂေဟစနစ်ဝန်ဆောင်မှုများတည်ရှိရာ အမျိုးအစားစုံလင်လှသော သစ်တောများအား ပြုစုထိန်းသိမ်းခြင်း၊ စနစ်တကျသုံးစွဲခြင်းနှင့် သဘာဝနယ်မြေများ တည်ထောင်ခြင်းတို့ကို အဓိကတာဝန်ယူဆောင်ရွက်နေပြီး၊ လုပ်ငန်းများအောင်မြင်စေရန် ဆက်စပ်ဌာနများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး၊ စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာစွာ ဖော်ဆောင်ရေး (Extractive Industry Transparency Initiative -EITI) အဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်နိုင်ငံဖြစ်လာပါက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဘောင်စည်းမျဉ်းများကို ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သစ်တောဂေဟစနစ် ဝန်ဆောင်မှုများသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းကဏ္ဍများ၏ ထုတ်လုပ်မှုနှင့်ထွက်ကုန်များအတွက် အရေးပါသလို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း အရေးပါပါကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် မြန်မာနိုင်ငံအနေဖြင့်လည်း သစ်တောဂေဟစနစ် ဝန်ဆောင်မှုများအား တန်ဖိုးဖြတ်ခြင်းကို ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း ယနေ့ဆွေးနွေးပွဲတွင် ဆွေးနွေးကြမည့် အကြောင်းအရာများသည် လက်တွေ့အသုံးချရန်နှင့် ဆက်စပ်ပတ်သက်သည့်ကဏ္ဍများတွင် ပြန်လည်အသုံးချစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးပွဲတွင် IMG မှအကြီးတန်းအစီအစဉ်အကြံပေးနှင့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ရေးရာ မူဝါဒအကြံပေးတို့က ရှင်းလင်းတင်ပြခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၇၀၀၀ | - | ၆၇၇၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၆၈၀၀ | - | ၆၇၆၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၇၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၀၈. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၅၉. ၇၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၈၂၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၅၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၅. ၄၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၇၁. ၂၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၁. ၁၆၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၆. ၅၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၈၀. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# ချောင်းဆုံ၌ မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

**မော်လမြိုင် နိုဝင်ဘာ ၁၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ပေးအပ်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ကျွန်းသာယာမြို့နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ မွန်ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်စိန်လင်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်နှင့်တာဝန်ရှိသူများက ချောင်းဆုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၄၄ အုပ်စုရှိ တောင်သူများကိုယ်စား သက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးမှူးများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပစ်တိုင်းထောင်)**









# စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်နှင့် ကလေးခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

မုံရွာ နိုဝင်ဘာ ၁၅

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရွှေဘိုခရိုင် စံပယ်-နံ့သာ-ကန့်ဘလူ၊ ကျွန်းလှ လမ်းဘေးဝဲ၊ ယာရှိ ကျွန်းစိုက်ခင်းများ၊ ပိတောက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းလှမြို့၊ ကျွန်းလှတမံမှ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ကျွန်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။**



ထို့နောက် ကျွန်းလှမြို့ ပျဉ်းမမြိုင်ရပ်ကွက် အမှတ်(၂) ထရန်စဖော်မာ (100 KVA) မှ (315 KVA) တိုးမြှင့်တပ်ဆင်ပြီးလုပ်ငန်းများ၊ ပိတောက်မြိုင်ရပ်ကွက် အမှတ်(၁)လမ်းနှင့် အမှတ်(၂)လမ်း ကတ္တရာခင်းကျင်းပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ကျွန်းလှမြို့တွင် ပျဉ်းမမြိုင်ရပ်ကွက် အမှတ်(၂)ထရန်စဖော်မာ၊ ပိတောက်မြိုင်ရပ်ကွက် အမှတ်(၃) ထရန်စဖော်မာ၊ သစ်ရာမြိုင်ရပ်ကွက် အမှတ်(၄) ထရန်စဖော်မာ၊ သစ်ရာမြိုင်-တပ်ကုန်း-ရှမ်းစုရပ်ကွက် အမှတ် (၆) ထရန်စဖော်မာများအား (100 KVA) မှ (315 KVA) တိုးမြှင့်ခြင်းနှင့် ကျွန်းလှတစ်မြို့လုံး 35 mm ACSK ကြိုးအစား ကြေးနီကြိုး No -4/6/8 ဖြင့် (၄) မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အဖွဲ့သည် ကျွန်းလှမြို့နယ် သံဘိုကျေးရွာ၌ စာကြည့်တိုက် ဆောက်လုပ်နေမှု၊ သဖန်းဆိပ်ဆည် ရေဝင်ရောက်မှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။**(ယာပုံ)**

ယင်းနောက်ကျွန်းလှမြို့ အနောက်ဘက်ခြမ်းဒေသ အင်တိုင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ကျွဲတဲကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပြင် အသေးစား စက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မူးမြစ်ကူးတံတား (သဖန်းဆိပ်-၁) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားစီမံကိန်းကြီးအဖွဲ့-၂ မှ အင်ဂျင်နီယာမှူးကြီး ဦးထွန်းနိုင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ သမဝါယမဘဏ်လီမိတက်၏ မုံရွာဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ သမဝါယမဘဏ်လီမိတက် (မုံရွာဘဏ်ခွဲ) အား တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်း၊ အင်းဝဘဏ်လီမိတက်ဥက္ကဋ္ဌ (၄) ဦးရန်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ဘဏ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်တွင် မုံရွာ-ယာကြီး-ကလေးဝ လမ်းပိုင်းတွင် ကတ္တရာခင်းနေမှု၊ ကနီမြို့နယ်စီးပွားဖြစ် ကျွန်းစိုက်ခင်း ဧက ၁၅၀ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကလေးဝမြို့နယ် ဝါးရဲချောင်းတံတားနှင့် ရေနံချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်များအားလည်းကောင်း၊ ကလေးမြို့နယ် ကလေးဝ-ကလေး ကားလမ်းဘေးရှိ ပိတောက်စိုက်ခင်း ဧက ၂၀၀ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ကလေးမြို့နယ် မြို့တော်ခန်းမ၌ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ တမူးခရိုင်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီများ၊ မြို့မိမြို့ဖများ၊ အထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင်**(အောက်ဝဲပုံ)**ကလေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များ တင်ပြကြစေလိုကြောင်း၊ ကလေးမြို့တွင် စက်တင်ဘာ ၂၈၊ ၂၉ ရက်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း၊ သဘာဝဘေးဒဏ်ခံရသော ပြည်သူများ၏ အခက်အခဲများကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသတာဝန်ရှိသူများ၊ ပြည်သူများ၏ ပေါင်းစည်းမှုဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုပြန်လည်ထူထောင်ရေးကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သော လမ်း၊ တံတားများ၊ ကျေးလက်ဖွံ့ဖြိုးရေး ဆည်များ၊ ရေပေးမြောင်းများ ပြန်လည်တည်ဆောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါကြောင်း၊ နိုင်ငံတော် သမ္မတကြီးကလည်း ပြည်ထောင်စု သီးသန့်ရန်ပုံငွေမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရေး ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ ခွင့်ပြုငွေများရရှိသည့်အခါတွင် စနစ်တကျသုံးစွဲကြရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏လိုအပ်ချက်အပေါ် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းပေးခြင်းဖြစ်သဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ဝန်ထမ်းများအပိုင်းမှလည်း အလေအလွင့်မရှိစေရေး၊ စံချိန်စံညွှန်းနှင့် အညီလုပ်ငန်းများ လျင်မြန်စွာ ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တက်ရောက်လာသော ဒေသခံမြို့မိမြို့ဖများ၊ စည်ပင်သာယာရေးကော်မတီများ၊ အထောက်အကူပြု ကော်မတီများက လိုအပ်ချက်များကိုတင်ပြရာ ဝန်ကြီးချုပ်ဦးသာအေးက တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ တက်ရောက်လာသူများအား ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**






# မြန်မာတံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များအသင်း၏ တံဆိပ်ခေါင်းပြပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာတံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များအသင်း၏နှစ်ပတ်လည် အစည်းအဝေးနှင့် တံဆိပ်ခေါင်းပြပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီခန်းမ၌ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ၌ တံဆိပ်ခေါင်းဝါသနာရှင်များ၏ စုဆောင်းထားရှိသော မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှရှေးအကျဆုံး တံဆိပ်ခေါင်းဟောင်းများကိုပြသသွားမည်ဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းစုဆောင်းသူဝါသနာရှင်များ အသင်းနာယကဦးသန်းဖေက “ပြပွဲကျင်းပရတဲ့အကြောင်းရင်းကတော့ အဓိက စာသင်နေကြတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်ပါ။ ဥပမာ ၁၉၂၉ ခုနှစ်ကနေ ၁၉၄၄ ခုနှစ်အထိ ဂျာမနီနိုင်ငံရဲ့ခေါင်းဆောင်ဖြစ်တဲ့ ဟစ်တလာက အာဏာရလာတယ်ဆိုတော့ သူရဲ့ ၁၅ နှစ်တာသက်တမ်းအတွင်းကာလထဲက တံဆိပ်ခေါင်းဟောင်းတွေပြမယ်၊ ရှေးကျတဲ့ မြန်မာတံဆိပ်ခေါင်းဟောင်းတွေကိုလည်း ၁၉၆၁ ခုနှစ်မှာ UNICEF က အထိမ်းအမှတ်အနေနဲ့ထုတ်တဲ့ တံဆိပ်ခေါင်းဟောင်းတွေ**(ယာပုံ)**အပါအဝင် ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ ၁၉၄၈ ခုနှစ် ဇူလိုင် ၁၉ ရက်မှာ ဗိုလ်ချုပ်ကျဆုံးတာ တစ်နှစ်ပြည့်အထိမ်းအမှတ်အနေနဲ့ထုတ်တဲ့ တံဆိပ်ခေါင်းဟောင်းတွေကိုပါ ပြသသွားမှာပါ။ ဒါမှကလေးတွေက ဒီမြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတံဆိပ်ခေါင်းဟောင်းတွေကို ပုံတွေကြည့်ပြီး ဒီလူတွေဟာ ဘယ်သူလဲဆိုပြီး သူတို့လေးတွေက စိတ်ဝင်စားလာကြမယ်၊ လေ့လာချင်ကြပါလိမ့်မယ်၊ ဗဟုသုတလည်းရရှိလာပါလိမ့်မယ်၊ ပြပွဲမှာကလေးတွေကြိုက်နှစ်သက်ကြတဲ့ တံဆိပ်ခေါင်းဟောင်းတွေကိုလည်း ဝေပေးပါတယ်၊ ဝါသနာရှင်အချင်းချင်းကလည်း လဲလှယ်ကြပါတယ်။ အခုဒီပွဲမှာရောင်းတဲ့သူ သုံးဦးလောက်တော့ရှိမှာပါ၊ အများဆုံးငွေကျပ် ထောင်ဂဏန်းပဲရှိပါတယ်။ ဈေးမများပါဘူး၊ အားလုံးကဝါသနာအရလုပ်ကြတာပါ။ နိုင်ငံခြားမှာဆိုရင်တော့ ဒီတံဆိပ်ခေါင်းဟောင်းတွေကတန်ဖိုးမြင့်ပါတယ်” ဟုရှင်းပြခဲ့သည်။

လက်ရှိမြန်မာတံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များအသင်းသည် နှစ်ပေါင်း ၆၀ ကျော်ကတည်းကဖွဲ့စည်းထားသော အသင်းဖြစ်ပြီး လွန်ခဲ့သော ငါးနှစ်မှစ၍ ပြပွဲများအားပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်းသိရကာ ငါးနှစ်တာကာလပြပွဲများအတွင်း ပုဂ္ဂလိကကျောင်းများမှ ကမ်းလှမ်းဖိတ်ခေါ်ချက်အရ တစ်နှစ်လျှင်လေးကြိမ်မျှ ပြပွဲပြုလုပ်နေကြောင်း သိရပြီးအစိုးရကျောင်းများမှ ကမ်းလှမ်းဖိတ်ခေါ်လျှင်လည်း ကျောင်းသားကျောင်းသူများအတွက် ပြပွဲကျင်းပပေးရန် အသင့်ရှိနေကြောင်း သိရသည်။ **(ဝ၄ဝ)**



# လုံခြုံရေးသတိ မိုင်းအသိပညာပေး ဟောပြောပွဲများနှင့် သင်တန်းများ ဖွင့်လှစ်ပို့ချ

**မော်လမြိုင် နိုဝင်ဘာ ၁၅**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ညွှန်ကြားမှုဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်တို့တွင် နယ်မြေလုံခြုံရေးသတိ ရှိစေရေးအတွက် မိုင်းအသိပညာပေးသင်တန်း ဟောပြောပွဲ၊ ရှင်းလင်းတင်ပြပွဲနှင့် လူစည်ကားသောနေရာများတွင် အမြဲသတိရှိရန်နှင့် သတိပြုစောင့်ကြည့်၍ မိမိနေထိုင်သည့်ရပ်ကွက်၊ ကျေးရွာများတွင် မသင်္ကာစရာတွေ့ရှိလျှင် တာဝန်သိစိတ်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ နယ်မြေရဲစခန်းများသို့ အချိန်မီသတင်းပေးပို့စေရေးတို့ကို တွေ့ဆုံရှင်းလင်းဆွေးနွေးမှာကြားသည်။

လုံခြုံရေးသတိ၊ မိုင်းအသိပညာပေး ဟောပြောပွဲများ ပြည်နယ်အတွင်းရှိ ၁၀ မြို့နယ်တွင် ကျင်းပလျက်ရှိရာ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ဦးဆောင်ကျင်းပသော မိုင်းသတိပြုအသိပညာပေး သင်တန်းအမှတ်(၁/၂၀၁၃) ဆင်းပွဲနှင့် အမှတ်(၂/၂၀၁၃) ဖွင့်ပွဲကို နိုဝင်ဘာ ၁၃ ရက်က မော်လမြိုင်မြို့နယ်မြေရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မှူး ရဲမှူးညိုလှက အမှာစကားပြောကြားပြီး အဆိုပါ သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲသို့ သင်တန်းသား သင်တန်းသူ ၁၄၀ တို့ တက်ရောက်ခဲ့ကြသည်။

အောက်တိုဘာလမှ နိုဝင်ဘာ ၁၃ ရက်အထိ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာ ဆရာမများ၊ ဈေးသူ ဈေးသားများ၊ အထောက်အကူပြုအဖွဲ့၊ ဘုရားဂေါပကအဖွဲ့၊ တည်းခိုခန်းဝန်ထမ်းများ၊ (စတိုး)ဆိုင် ဝန်ထမ်းများ၊ အဝေးပြေးယာဉ်ရပ်နားစခန်းဝန်ထမ်း၊ ဂိတ်မှူးများ၊ အငှားမော်တော်ဆိုင်ကယ်ဂိတ်မှူးများ၊ ရပ်မိရပ်ဖများအား မိုင်းသတိပေး ပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ရာ တက်ရောက်သူများ၏ မေးမြန်းချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် နယ်မြေရဲစခန်းမှူးတို့က အသီးသီးပြန်လည်ရှင်းလင်းဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌ မစ္စ ကက်သရင်း အက်ရှ်တန်တို့၏ ရှေ့မှောက်၌ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား သဘောတူစာချုပ်များ လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

**☆ မြန်မာနိုင်ငံမှ**

စိတ်ဓာတ်ခွန်အားသစ်များနှင့် ဆောင်ရွက်ရန် မျှော်လင့်ချက်များလည်း ပြန်လည်ရှင်သန်လာစေခဲ့ပါကြောင်း၊ ဥရောပ၏ လက်ရှိအခြေအနေရောက်ရှိလာအောင် နိုင်ငံများ၏ အစိုးရများ၊ စီးပွားရေးကဏ္ဍများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားလုံးနှင့်တကွ နိုင်ငံတကာအသိုင်းအဝိုင်းအားလုံး ပူးပေါင်းပါဝင်ပြီး ယခုလို တိုးတက်အောင်မြင်အောင် ဆောင်ရွက်တည်ထောင်နိုင်ခဲ့ခြင်းဖြစ်၍ အားကျအတုယူစရာလည်းဖြစ်ပါကြောင်း။

လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်အတွင်း ဥရောပနိုင်ငံများ၏ တိုးတက်အောင်မြင်မှုများသည် မိမိတို့နိုင်ငံအတွက် ရှေ့ဆောင်လမ်းပြ သင်ခန်းစာကောင်းတစ်ခုဖြစ်ပါကြောင်း၊ ဥရောပနိုင်ငံများမှပေးသော သင်ခန်းစာကို မိမိတို့နိုင်ငံ၏ နိုင်ငံရေးအရှိတရားပေါ်အခြေခံပြီး ရရှိထားသော နိုင်ငံရေးဖြစ်စဉ်နှင့်အတူ လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ကာ ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် သမိုင်းတွင် တစ်ခါမျှ မကြုံတွေ့ဖူးသေးသော ပြောင်းလဲမှုများစွာ၏ စ,မှတ်ကို စတင်ထွက်ခွာလာခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်ရှိနေကြသည့် တိုင်းရင်းသားအားလုံးနှင့် နိုင်ငံရေးအင်အားစုအားလုံးသည် ငြိမ်းချမ်းမှုလွှမ်းခြုံသော စည်းချက်ညီလူ့အဖွဲ့အစည်းအဖြစ်နှင့် အတူတကွယှဉ်တွဲနေထိုင်ကြပြီး ပိုမိုစုစည်းညီညွတ်ပြီး ဖွံ့ဖြိုးသာယာသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်သွားကြရန် ပြင်ဆင်ထားပါကြောင်း၊ နှစ်နှစ်တာကာလအတွင်းမှာပင် မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများစွာ ဖော်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ လက်ရှိတွင် မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်စွာ ပြောဆိုရေးသားခွင့် ရှိနေပြီဖြစ်ပါကြောင်း။

ရာနှင့်ချီသော အလုပ်သမားသမဂ္ဂများကို ဖွဲ့စည်းခွင့်ပေးခဲ့ပြီးဖြစ်သကဲ့သို့ နိုင်ငံရေးအကျဉ်းသားများစွာကိုလည်း လွှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၄ ခုနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး နောက်ဆုံးကျန်ရှိနေသော လက်နက်ကိုင်အဖွဲ့အစည်းနှင့် မကြာမီ အပစ်အခတ်ရပ်စဲရေးရရှိရန်အတွက်ကိုလည်း အပြင်းအထန် ကြိုးပမ်းလျက်ရှိနေပါကြောင်း၊ လွှတ်တော်များနှင့် ပြည်သူလူထုအကြား နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ဆွေးနွေးပြောဆိုမှုများ ရှိနေပြီဖြစ်ပါကြောင်း။

ငွေကြေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဘဏ်စနစ်ပြုပြင်ပြောင်းလဲမှုများ စသည့် စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ လိုအပ်သော အခြေခံအဆောက်အအုံများကို ခေတ်မီပြုပြင်ပြောင်းလဲခဲ့သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သည့်လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ကြိုးနီစနစ်ကိုလည်း တိုက်ဖျက်နေပြီဖြစ်သကဲ့သို့ အစိုးရအုပ်ချုပ်မှုပိုင်းဆိုင်ရာ ခေတ်မီပြုပြင်ပြောင်းလဲရေးများ၊ တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် လူမှုစနစ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ထိုသို့ ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတကာမိတ်ဆွေများ၏ အကူအညီ၊ ဥရောပနိုင်ငံများ၏ အကူအညီသာ မပါဘူးဆိုလျှင် ဖြစ်မြောက်အောင်မြင်ရန် အလွန်ခဲယဉ်းမည်ဖြစ်ပါကြောင်း၊ ဥရောပသမဂ္ဂနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန Myanmar Peace Center အတွက် ထောက်ပံ့ကူညီပေးခဲ့သကဲ့သို့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အထူးထောက်ပံ့ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဥရောပသမဂ္ဂ၏ ဖွံ့ဖြိုးရေးအကူအညီများကိုလည်း တိုးမြှင့်ပေးခဲ့သကဲ့သို့ ယခုအချိန်တွင် ဥရောပသမဂ္ဂ၏ ကိုယ်စားလှယ်အဖွဲ့လည်း မြန်မာနိုင်ငံ၌ ရုံးစိုက်တည်ရှိနေပြီဖြစ်ပါကြောင်း၊ ယင်းကူညီမှုများ၊ တိုးတက်မှုများသည် မိမိတို့အစိုးရနှင့် အခြားသက်ဆိုင်ရာ အကျိုးရှင်များအကြား ပိုမိုတောင့်တင်းခိုင်မာသော အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်လာအောင် ထောက်ပံ့ပေးနိုင်ခဲ့ခြင်း ဖြစ်သည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် ဝန်ကြီးဌာနအသီးသီး၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးနေသကဲ့သို့ ရဲတပ်ဖွဲ့ကို နောင်အနာဂတ်ကာလ အခြေအနေများနှင့် လျော်ညီစွာ တာဝန်ထမ်းဆောင်နိုင်အောင် ကူညီပေးနေခြင်းများလည်း ရှိပါကြောင်း၊ ဥရောပဈေးကွက်ကို မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ဝင်ရောက်နိုင်အောင် ကူညီပေးခဲ့ခြင်း၊ တစ်ပြိုင်နက်တည်းမှာပင် မြန်မာ့စီးပွားရေးအခြေအနေကိုလည်း ရေရှည်တည်တံ့ဖွံ့ဖြိုးသော စီးပွားရေးပုံစံ၊ ဈေးကွက်ပုံစံဖြစ်အောင် ကူညီခဲ့ခြင်း၊ အာဆီယံဥက္ကဋ္ဌရာထူးအတွက် ပြင်ဆင်ရာတွင် ကူညီခဲ့ခြင်းများကိုလည်း အထူးကျေးဇူးတင်ပါကြောင်း။

သို့သော် ရှေ့ခရီးတွင်အလုပ်များ တစ်ပုံတစ်ပင်ရှိနေသေးသည်ကို မိမိတို့ဝန်ခံရမည်ဖြစ်ပါကြောင်း၊ ပထမဦးဆုံးအနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားအဆင့်ငြိမ်းချမ်းရေးသဘောတူညီချက်ကို ၂၀၁၅ တွင် ရရှိနိုင်ရန် ကြိုးစားနေပါကြောင်း၊ ထိုသို့ လွတ်လပ်ရေးရကတည်းက ယခုအချိန်အထိ မရရှိဖူးသေးသော တစ်ပြည်လုံးငြိမ်းချမ်းရေး၏အရသာကို မြန်မာပြည်သူပြည်သားအားလုံး ရရှိခံစားနိုင်ရန်မှာ မိမိအတွက် အဓိကဦးစားပေး ကိစ္စတစ်ခုပင်ဖြစ်ပါကြောင်း။

ဒုတိယအနေဖြင့် ဆင်းရဲမွဲတေမှုလျှော့ချရေးလုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသတွင် ဆင်းရဲမွဲတေမှုလျှော့ချနိုင်အောင် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အဓိကကိစ္စအဖြစ်နှင့် အာရုံစိုက်လုပ်ဆောင်နေပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာအောင်၊ စိုက်ပျိုးရေးကဏ္ဍခေတ်မီပြောင်းလဲလာအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ စွမ်းအင်ကဏ္ဍတွင်လည်း စွမ်းအင်ရင်းမြစ်အမျိုးမျိုးမှ စွမ်းအင်ထုတ်လုပ်ရရှိနိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသန္တရစီးပွားရေးအခြေအနေ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာအောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥရောပကုမ္ပဏီများအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော တာဝန်သိသည့် ရင်းနှီးမြှုပ်နှံမှုများကို ရင်းနှီးမြှုပ်နှံသွားကြရန်လည်း အထူးတိုက်တွန်းလိုပါကြောင်း။

တတိယအနေဖြင့် လာမည့်နှစ်ကာလများတွင် အထူးအာရုံပြုလုပ်ဆောင်ရမည့် "လူငယ်များ၏ အခန်းကဏ္ဍ" ဖြစ်ပါကြောင်း၊ ထူးချွန်ထက်မြက်သော၊ လေ့လာသင်ယူလိုစိတ်ပြင်းထန်သော လူငယ်များအတွက် အခွင့်အလမ်းသစ်များကို မိမိတို့အနေဖြင့် ဖန်တီးပေးရမည်ဖြစ်ပါကြောင်း၊ မကြာသေးမီကာလက ကင်းထောက်လူငယ်အဖွဲ့များကို ပြန်လည်ဖွဲ့စည်းပေးခဲ့သကဲ့သို့ လူရည်ချွန်ဆုများကိုလည်း ပြန်လည်ချီးမြှင့်ပေးအပ်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လက်ရှိဖြစ်ထွန်းတိုးတက်မှုများ ဖြစ်ပေါ်လာအောင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီခဲ့သည့် ဥရောပသမဂ္ဂနိုင်ငံများကိုလည်း ကျေးဇူးတင်ရှိသည်ဟု ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အားလုံး၏ ကောင်းရာကောင်းကြောင်းအတွက် နိုင်ငံတကာကျင့်ထုံးစံနှုန်းများကို မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ထွန်းမှုအခြေအနေ၊ လူမှုစီးပွားဘဝအခြေအနေများနှင့် ဟန်ချက်ညီ သဟဇာတဖြစ်အောင် ကြိုးစားအကောင်အထည်ဖော်ရာ၌ ဝိုင်းဝန်းကူညီပေးကြပါဟု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စ ကက်သရင်း အက်ရှ်တန်က မိန့်ခွန်းပြောကြားရာတွင် ဖိုရမ်များကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အနာဂတ်အတွက် အကူအညီအထောက်အပံ့များ ပေးအပ်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အဓိကထားပြီး ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း။

စီးပွားရေးနှင့် နိုင်ငံရေးသည် ဟန်ချက်ညီညီ ဖွံ့ဖြိုးရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ဒီမိုကရေစီကူးပြောင်းမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် ခွဲခြား၍မရနိုင်သည့်အတွက် နှစ်ခုစလုံးဟန်ချက်ညီညီ အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စ ကက်သရင်း အက်ရှ်တန်တို့၏ ရှေ့မှောက်၌ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမူဝါဒဆိုင်ရာဆွေးနွေးပွဲဆိုင်ရာ ကျင်းပရေးသဘောတူစာချုပ်၊ ကုန်ကြမ်းပစ္စည်းများမူဝါဒဆိုင်ရာ ဆွေးနွေးပွဲကျင်းပရေးသဘောတူစာချုပ်၊ ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကူအညီပေးရေး ပူးတွဲကြေညာချက်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒေါက်တာမြင့်အောင်၊ ဦးဌေးအောင်၊ ဒေါက်တာကံဇော်တို့က သက်ဆိုင်ရာ ဥရောပသမဂ္ဂမှ တာဝန်ရှိသူတို့နှင့် အသီးသီးလက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဥရောပသမဂ္ဂမှ တာဝန်ရှိသူတို့သည် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ထံ ဥရောပသမဂ္ဂမှ တာဝန်ရှိသူတစ်ဦးက လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ မစ္စ ကက်သရင်း အက်ရှ်တန်နှင့် အဖွဲ့ဝင်များသည် မြေညီထပ်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

**❁ ရွှေဖုံးမှ**

ပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက် ညချမ်းအချိန်တွင် ကျင်းပရာကွင်းအတွင်း တိုင်းရင်းသားလူမျိုးစုံ ရိုးရာအကအလှများနှင့်အတူ မီးပုံးပျံသီချင်းများက ပျံ့နှံ့လျက်ရှိနေသည်။ တိုင်းရင်းသူလေးများမှ ပြင်ဦးလွင်မြို့၏ အင်္ဂလိပ်စာလုံး အတိုကောက်ဖြစ်သော "P.O.L" စာတန်းကို သရုပ်ဖော်ပြချိန်တွင် ပွဲတော်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်လိုက်သည်နှင့်တစ်ပြိုင်နက် ပွဲကြည့်စင်အရှေ့ရပ်မှ မီးရှူးမီးပန်းများ ရောင်စုံလှပစွာပေါ်ထွက်လာ၍လည်းကောင်း၊ မြောက်ဘက်တောင်ကုန်းပေါ်မှ ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ရောင်စုံမီးစာတန်း ပေါ်ထွက်လာ၍ လည်းကောင်း၊ တိုင်းရင်းသူလေးများ၏ "P.O.L" စာတန်းမှ မီးရောင်စုံလင်းလာ၍လည်းကောင်း၊ ကွင်းလယ်မှ မီးပုံးပျံငယ် အလုံး ၁၀၀၀ ကို ပြိုင်တူလွှတ်တင်၍ လည်းကောင်း၊ အရှေ့ဘက်တောင်ကုန်းပေါ်မှ မီးရှူးမီးပန်းများ ဖောက်ခွဲလွှတ်တင်၍ လည်းကောင်း၊ တောင်ဘက်လေကာကုန်းပေါ်မှ မဟာအံ့ထူးကံသာ မြတ်စွာဘုရားဆင်းတုတော်ပုံသည် ရောင်စုံမီးပန်းများ ထွက်ပေါ်၍ အပူဇော်ခံခြင်းတို့ဖြင့် ၄၅ မိနစ်တိုင်အောင် ဆက်တိုက်ကျင်းပဖွင့်လှစ်သွားသည်မှာ မြင်တွေ့ရသူအပေါင်း ရင်သပ်ရှုမော အံ့သြကြည်နူးလျက်ရှိကြသည်။

ပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်မှစ၍ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ နေ့အလှမီးပုံးပျံ ၄၇ လုံး၊ စိန်နားပန်းမီးပုံးပျံ ၂၆ လုံး၊ ညမီးကျည်မီးပုံးပျံ ၁၅ လုံးတို့နှင့်အတူ ပိုက်ကျော်ခြင်း၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်စသောပြိုင်ပွဲများကိုလည်း ထည့်သွင်းထားသည့်အပြင် ရောင်စုံဓာတ်ပုံပြိုင်ပွဲလည်း ပါဝင်မည်ဖြစ်ရာ ဆုကြေးငွေပေါင်း ၃၂ သိန်းချီးမြှင့်သွားမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း နေ့ ည ဂီတဖျော်ဖြေပွဲများ၊ ဇာတ်သဘင်ပွဲများ၊ အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ကုန်အရောင်းဆိုင်များ၊ အရောင်းမြှင့်တင်ရေးကုမ္ပဏီများဖြင့် စည်ကားလျက်ရှိရာ လာရောက်ကြည့်ရှု လည်ပတ်မည်ဆိုပါက မီးပုံးပျံပွဲတော်နှင့်အတူ မသိုးသက်န်းကပ်လှူပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲများကိုပါ ဖူးမြော်ကြည်ညိုနိုင်မည် ဖြစ်ပါကြောင်း။ ။

# မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ ပူးတွဲကြေညာချက်

**မြန်မာ-အီးယူလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိများဖြစ်ကြသော သမ္မတရုံးဝန်ကြီးဌာန(၃)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးဆိုင်ရာမူဝါဒအကြီးအကဲ မစ္စ ကက်သရင်း အက်ရှ်တန်တို့၏ မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ ပူးတွဲကြေညာချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ယခုနှစ် မတ်လတွင် ဘရပ်ဆဲလ်သို့ သွားရောက်ခဲ့စဉ် သဘောတူညီခဲ့သည့်အတိုင်း မြန်မာ-အီးယူလုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပူးတွဲကျင်းပနိုင်ခဲ့သဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူရပါသည်။

မြန်မာ-အီးယူလုပ်ငန်းအဖွဲ့သည် မြန်မာ-အီးယူအကြား အင်တိုက်အားတိုက်ခိုင်မာသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို အသိသာဆုံး ဖော်ပြနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံပြုပြင်ပြောင်းလဲမှုများတွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ကြရန်လည်း ပူးတွဲကတိကဝတ်ပြုခြင်းဖြစ်ပါသည်။

မိမိတို့သည် မြန်မာနိုင်ငံတွင် ပြည့်စုံကြွယ်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးနှင့် လူ့အခွင့်အရေးလေးစားမှုတို့ဖြင့် တစ်ခုထက်ပိုသော လူမှုအဖွဲ့အစည်းများအား ကူညီပေးရန်လည်းကောင်း၊ တိုင်းရင်းသားလူနည်းစုများအား တန်းတူပါဝင်နိုင်မှုဖော်ဆောင်ရေးတွင်လည်းကောင်း၊ ပွင့်လင်းသော နိုင်ငံရေးတည်ငြိမ်မှုရှိသော မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အင်အားကြီးမားစွာ ဆွဲဆောင်နိုင်ရန်နှင့် အလုပ်လုပ်ကိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ရန်အတွက်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်မှုလမ်းကြောင်းတွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် အရေးပါသောမှတ်တိုင်အဖြစ်ခံယူကာ ယုံယုံကြည်ကြည် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာ-အီးယူလုပ်ငန်းအဖွဲ့သည် လွန်ခဲ့သည့် (၂)ရက်အတွင်း မြန်မာနိုင်ငံ၌ အသွင်ကူးပြောင်းရေးနှင့် ပတ်သက်သည့် ကဏ္ဍအားလုံးကို အစိုးရခေါင်းဆောင်ပိုင်း အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြပါသည်။

မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ တက်ရောက်သူများစာရင်း ပူးတွဲထားပါသည်။

**နိုင်ငံရေးကဏ္ဍ အသွင်ကူးပြောင်းမှု**

လုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူနည်းစုများအကြား အမျိုးသားပြန်လည်ပေါင်းစည်းသင့်မြတ်ရေးကို မြှင့်တင်ရန်နှင့် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်နိုင်စေရေးအတွက် သိသိသာသာ ဖြစ်ပေါ်တိုးတက်မှုများကို ကြိုဆိုပြီး နှစ်ပေါင်း (၆၀)အတွင်း ပထမဦးဆုံးအကြိမ် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကိုရည်ရွယ်ကာ အားလုံးပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲဖော်ဆောင်ခြင်း၊ ရှေ့ရေးမြော်တွေးကြံဆခြင်း၊ ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းဆိုင်ရာ အရေးပါမှုကို ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

လုပ်ငန်းအဖွဲ့အနေဖြင့် လူမျိုးရေးအကြမ်းဖက်မှုများကို ရှုတ်ချခဲ့ကြပြီး ပဋိပက္ခဖြစ်ပွားမှု၏ အခြေခံဇာစ်မြစ်အကြောင်းရင်းကို ဖော်ထုတ်ရှင်းလင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး မြှင့်တင်သွားရန်အတွက် ကြိုးပမ်းမှုများအားလုံးကို အင်တိုက်အားတိုက် ထောက်ခံသွားမှာဖြစ်ပါသည်။ ပိုမိုပွင့်လင်းသည့် လူ့ဘောင်တွင် နိုင်ငံရေးခေါင်းဆောင်များအားလုံးနှင့် သတင်းမီဒီယာများအနေဖြင့် မတူခြားနားမှုကို ပိုမိုသည်းခံသည့် စိတ်ဓာတ်ကို အားပေးသွားရန် တာဝန်ရှိပါသည်။ လုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သူများအားလုံးအတွက် တရားဥပဒေစိုးမိုးရေးနှင့် မတူခြားနားမှုကို အပြန်အလှန် လေးစားစိတ်ဖြင့် လူ့အခွင့်အရေးကာကွယ်ရေးတို့ကို အလေးထားပြောကြားခဲ့ကြပါသည်။

လုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအတွက် ကြိုးပမ်းအားထုတ်မှုများတွင် အဓိကအခန်းကဏ္ဍဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်သုံးသပ်ရေးဆောင်ရွက်နေမှုများနှင့် ၂၀၁၅ ရွေးကောက်ပွဲ ပွင့်လင်းမြင်သာ ယုံကြည်မှုရရှိရေး အလုံးစုံပါဝင်ခွင့်ရရှိရေးတို့ကို ထောက်ခံပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ကတိပြုပြောကြားထားသည့်အတိုင်း ယခုနှစ်ကုန်တွင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးသွားရေးသည်လည်း အရေးပါသော သမိုင်းအမှတ်အသားတစ်ခုဖြစ်ပါသည်။

နှစ်ဖက်စလုံးက ခိုင်မာသော ကိုယ်စားပြုလွှတ်တော်စနစ်သည် ခေတ်မီသော ဒီမိုကရေစီစနစ်အတွက် အရေးပါကြောင်းသဘောတူညီခဲ့ပြီး မြန်မာနှင့် အီးယူ ပါလီမန် (၂)ရပ်အကြား ကျင်းပခဲ့သည့် ရေရှည်တိုးတက်မှုရှိသော နိုင်ငံရေးဆွေးနွေးမှုများကို ကြိုဆိုခဲ့ကြပါသည်။ လွှတ်တော်(၂)ရပ်စလုံးက အသွင်ကူးပြောင်းရေးကာလတွင် ပါလီမန်အခန်းကဏ္ဍအား ထောက်ခံပံ့ပိုးရန်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး တိုးမြှင့်ဖော်ဆောင်ရန် ထိရောက်သော ကိုယ်စားပြုမှု၊ တာဝန်ယူမှု ပီပီပြင်ပြင်ဖြစ်ပေါ်ရန်တို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။ နိုင်ငံရေးမူဝါဒနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အဖွဲ့အစည်းချင်း ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် သဘောတူညီခဲ့ကြပါသည်။ ထို့အပြင် အနာဂတ်တွင် လွှတ်တော်၏ ရှေ့ရေးမြော်တွေးကြံဆခြင်း၊ ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းဆိုင်ရာ စွမ်းဆောင်ရေးမြှင့်တင်ရန် နည်းပညာနှင့် စည်းမျဉ်းဥပဒေများ ပံ့ပိုးပေးရေးများကို အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းအဖွဲ့သည် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် ရန်ကုန်၌ ကျင်းပသည့် ဖိုရမ်အပါအဝင် ဖိုရမ်များသို့ တက်ရောက်ကာ ဝင်ရောက်ဆွေးနွေးပေးကြခြင်းအား ကြိုဆိုပါသည်။ ဆက်လက်၍လည်း လူမှုအသိုင်းအဝိုင်းများ၏အသံကို ကြားနိုင်ရန် မျှော်လင့်ပါသည်။

လုပ်ငန်းအဖွဲ့သည် မြန်မာ-အီးယူလူ့အခွင့်အရေးဆွေးနွေးပွဲများကို လာမည့်နှစ် အစောပိုင်းတွင် စတင်သွားရန် သဘောတူခဲ့ကြပြီး ထိုသို့ ဆွေးနွေးရာတွင် အပြုသဘောဆောင်ပြီး ပွင့်လင်းမှုရှိသော ဆွေးနွေးမှုများ ဖြစ်စေရန် သာမက နှစ်ဖက်အကျိုးရှိ၍ စိတ်ဝင်စားစေသည့် ကဏ္ဍများတွင် အတွေ့အကြုံ နည်းလမ်းကောင်းများ၊ ကျွမ်းကျင်မှုများကို တန်းတူခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်းမူပေါ်အခြေခံ၍ ဖလှယ်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲမှုနှင့် အသွင်ကူးပြောင်းမှုကို အီးယူမှ ထောက်ခံကြောင်း တိုးမြှင့်ထုတ်ဖော်ပြသည့်အနေဖြင့် ရန်ကုန်မြို့ရှိ အီးယူရုံးအား အီးယူကိုယ်စားလှယ်ရုံးအဖြစ် အဆင့်မြှင့်ခြင်းအတွက် ကြိုဆိုပါသည်။ မြန်မာနိုင်ငံတွင် ရုံးစိုက်နေထိုင်သည့် အီးယူသံအမတ်ကြီး ပထမဆုံးအကြိမ် ခန့်အပ်ခြင်း၊ သံရုံးဝန်ထမ်း တိုးမြှင့်ခန့်ထားခြင်းတို့သည် အောက်ခြေအဆင့်တွင် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် အမြင်ချင်းဖလှယ်နိုင်ရေး တိုးမြှင့်ဖော်ဆောင်သွားရန်အတွက် ဖြစ်ပါသည်။

လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ် အခြေအနေဖြစ်ပေါ်လာချိန်၌ ပြန်လည်တုံ့ပြန်နိုင်ရေး၊ ကြိုတင်သတိပေးမှုစနစ် ကောင်းမွန်ရေးတို့၏ အရေးပါမှုကို ဆွေးနွေးခဲ့ပြီး ကောင်းမွန်စွာ လေ့ကျင့်သင်တန်းပေးထားသော ပုဂ္ဂိုလ်များဖြင့် မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေ တုံ့ပြန်မှုဗဟိုဌာနထူထောင်ပေးရေး ပူးပေါင်းဆောင်ရွက်နေသည်များကို ကြိုဆိုခဲ့ကြပါသည်။

လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ၏ အာဆီယံအတွင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှု အသိုင်းအဝိုင်းတွင် အပြည့်အဝပူးပေါင်းပါဝင်သည့်အပြင် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်းကို ထောက်ခံပံ့ပိုးပေးမည်ဖြစ်သည်။

**စီးပွားရေးကဏ္ဍအသွင်ကူးပြောင်းမှု**

လုပ်ငန်းအဖွဲ့သည် မကြာမီက မြန်မာနိုင်ငံအပေါ် အီးယူနှင့် အနောက်နိုင်ငံများမှ အရေးယူပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းခြင်းနှင့် ကုန်သွယ်မှုတွင် မြန်မာနိုင်ငံ၏ ပို့ကုန်များကို အခွင့်အရေးပြန်လည်ပေးအပ်ခြင်းတို့သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် အီးယူ၏ပံ့ပိုးမှုကို ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း အမှတ်ရကြပါသည်။ ဆက်လက်၍လည်း နှစ်ဖက်အကျိုးရှိစေမည့် စီးပွားရေးမိတ်ဖက်အဖြစ် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အီးယူ၏ အထောက်အကူများ၊ အစီအစဉ်များ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ အစားအသောက်လုံခြုံရေး၊ ကုန်သွယ်ရေးနှင့်ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်မှုစနစ်ကောင်းမွန်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ပူးပေါင်းဆောင်ရွက်ခြင်းကို ကြိုဆိုပါသည်။ အီးယူနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာအစိုးရ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတွင် ကတိပြုထားသည့်အတိုင်း ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လွန်ခဲ့သော ဇန်နဝါရီလက ထုတ်ပြန်ခဲ့သည့် နေပြည်တော်သဘောတူညီချက်ကို ထောက်ခံကြပါသည်။

အလှူရှင် အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဓိပ္ပာယ်ပြည့်ဝစွာ အမြင်ချင်းဖလှယ်ဆွေးနွေးမှုများသည် နိုင်ငံတကာ၏ စိတ်ဝင်တစားရှိမှုကို ထပ်လောင်းအတည်ပြုခဲ့ပြီး မြန်မာနိုင်ငံမှ သက်ဆိုင်သူများအားလုံးနှင့် အတူ ရေရှည်တည်တံ့သော အလုံးစုံဖွံ့ဖြိုးမှု မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

လာမည့် (၇)နှစ်(၂၀၁၄ မှ ၂၀၂၀) ကာလတွင် မြန်မာနိုင်ငံသည် အာရှ၌ အီးယူ၏ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု အကျိုးကျေးဇူးများကို အများဆုံးရရှိသွားနိုင်မည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ပါသည်။ အီးယူသည် မြန်မာနိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရန် ငွေကြေးထောက်ပံ့မှု အစီအစဉ်၏ဆုံးဖြတ်ချက်များအရ အီးယူ၏ ဘတ်ဂျက်မှ နှစ်စဉ် ယူရို ၇၅ မှ ၉၀ သန်းအတွင်း ထောက်ပံ့သွားရန် ရှိပါသည်။

လုပ်ငန်းအဖွဲ့သည် အီးယူရင်းနှီးမြှုပ်နှံမှုဘဏ်မှ ၂၀၁၄ ခုနှစ်ခန့်မှ စတင်ကာ ချေးငွေများ ထုတ်ချေးရန်မူအရ သဘောတူညီခဲ့ခြင်းကိုကြိုဆိုပြီး လာမည့် သီတင်းပတ်များအတွင်း မူဘောင်သဘောတူညီချက်ကို အပြီးသတ်ညှိနှိုင်းရန်လည်း မျှော်လင့်လျက်ရှိပါသည်။ အီးယူရင်းနှီးမြှုပ်နှံမှုဘဏ် ချေးငွေသည် နည်းပညာအထောက်အကူနှင့် ပေါင်းစပ်လျက် ဖွံ့ဖြိုးမှုဦးစားပေး စီမံကိန်းများကို အကောင်အထည်ဖော်ရန်ဖြစ်ပါသည်။ အီးယူရင်းနှီးမြှုပ်နှံမှုဘဏ်သည် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်အပါအဝင် အခြေခံအဆောက်အအုံစီမံကိန်းများ၊ သစ်တောကဏ္ဍအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးသွားမည်ဖြစ်ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များသို့ ပြည်တွင်းဘဏ်များမှတစ်ဆင့် ငွေထုတ်ချေးပေးသွားရေးလည်း ပါဝင်မည်ဖြစ်ပါသည်။ လွှတ်တော်မှ နောက်ဆုံးအတည်ပြုပြီးပါက ငွေချေးနိုင်မည့် ပမာဏသည် နှစ်စဉ် ယူရိုသန်း ၃၀ မှ ၁၀၀ ကြားထိ ရှိနိုင်ပါသည်။

လုပ်ငန်းအဖွဲ့သည် စီးပွားရေးဖိုရမ် အောင်မြင်စွာကျင်းပနိုင်ခြင်းနှင့် ဥရောပကုမ္ပဏီများ အများအပြား ပါဝင်တက်ရောက်ခြင်းကို ကြိုဆိုပါသည်။ အီးယူလုပ်ငန်းရှင် ၁၀၀ ကျော် မြန်မာနိုင်ငံသို့ လာရောက်၍ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများရှာဖွေကာ လုပ်ငန်းမိတ်ဖက်များလည်း ထူထောင်ခဲ့ကြပါသည်။ စီးပွားရေးလုပ်ငန်းကဏ္ဍခွဲများအလိုက် ရန်ကုန်တွင် ဆွေးနွေးရာ၌ မြန်မာ-အီးယူ စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရန်အတွက် ထူးခြားသည့်အခွင့်အလမ်း အခြေအနေများစွာရှိကြောင်းလည်း ဆွေးနွေးခဲ့ပါသည်။

လုပ်ငန်းအဖွဲ့သည် မြန်မာအစိုးရ၏ စီးပွားရေးအချက်အချာကျသော ကဏ္ဍများ အထူးသဖြင့် အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လိုသော ဆန္ဒကိုမှတ်သားပြီး မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဥရောပစက်မှုလုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်ကာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ဥရောပလုပ်ငန်းရှင်များ၊ လာရောက်ရင်းနှီးရန် စဉ်းစားနေသူများ၏ လိုအပ်ချက်အဖြစ် အကြံပြုထားသော တည်ငြိမ်၍ ခန့်မှန်းနိုင်သည့် စီးပွားရေးပတ်ဝန်းကျင်ရရှိရေးကို မှတ်သားထားပါသည်။ ထိုသို့ရရှိရန် လုပ်ငန်းအဖွဲ့အနေဖြင့် စီမံခန့်ခွဲမှု ကြီးလေးနေခြင်းများ လျှော့ချရေး၊ ငွေကြေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မူပိုင်ခွင့်ကာကွယ်ရေး၊ စွမ်းရည်မြှင့်တင်ရေး၊ လေ့ကျင့်သင်တန်းပေးရေး၊ လူမှုရေးတာဝန်သိတတ်မှုရှိရေး၊ လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်သွားရန် သဘောတူသည်။

ရှေ့ဆက်၍ ထိုလုပ်ငန်းအဆက်အသွယ်များကို အားပေးရန် အစိုးရကို အကြံပေးမည့် မြန်မာ-အီးယူ လုပ်ငန်းကောင်စီ တည်ထောင်သွားရန် သဘောတူသည်။ မြန်မာ-အီးယူအကြား လုပ်ငန်းအဆက်သွယ်တိုးမြှင့်မှုအားပေးရန်နှင့် မြန်မာနိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာကောင်းရှိသော နိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်၊ အာဆီယံဒေသသို့ ဝင်ရောက်ရန် တံခါးဝအဖြစ် ဥရောပကုမ္ပဏီများအကြား ပိုမိုသိရှိလာစေရန် ဥရောပလုပ်ငန်းဝန်ဆောင်မှု အထောက်အကူပြုကွန်ရက် မြန်မာနိုင်ငံတွင် ထူထောင်ရန်ကြိုးပမ်းခြင်းကို လုပ်ငန်းအဖွဲ့မှ ကြိုဆိုပါသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် သတ္တုတွင်းလုပ်ငန်းတို့၏ အရေးပါမှုကိုလက်ခံလျက် လုပ်ငန်းအဖွဲ့သည် မြန်မာ-အီးယူအကြား အဆိုပါကဏ္ဍများတွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်း စာလွှာလက်မှတ်ရေးထိုးခြင်းကို ကြိုဆိုပါသည်။

လုပ်ငန်းအဖွဲ့သည် ပွင့်လင်း၍ ခွဲခြားဆက်ဆံမှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အရေးပါမှုကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုကာကွယ်သည့် ခိုင်မာသော စနစ်ရှိရန်ကိုလည်းကောင်း ထပ်လောင်းအတည်ပြုပါသည်။ လုပ်ငန်းအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ ၂၀၁၄ နှစ်ဆန်းပိုင်းတွင် အပြီးသတ် ညှိနှိုင်းနိုင်ရေးအတွက် ကျရာတာဝန်များကို ဆက်လက်လုပ်ဆောင်သွားရန် အတည်ပြုသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးကဏ္ဍ အရေးပါပုံကို တက်ရောက်လာသူများမှ အလေးအနက်ပြုခဲ့ကြပြီး အထွက်တိုးစေရေး၊ အရည်အသွေးမြှင့်တင်ထုတ်လုပ်နိုင်ရေး၊ ကမ္ဘာ့စီးပွားရေးတွင် တောင်သူတို့အနေအထား ပိုမိုခိုင်မာလာစေရေးများတွင် အတွေ့အကြုံနှင့် နည်းပညာ ဖလှယ်သွားရန် သဘောတူခဲ့ကြသည်။

နောက်ဆုံးအနေဖြင့် နှစ်ဖက်ကိုယ်စားလှယ်များသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများတွင် ငွေကြေးထောက်ပံ့ခြင်းများအား အကောင်းဆုံးစနစ်ဖြင့် ထိန်းချုပ်နိုင်ရန် အရေးကြီးကြောင်း အလေးအနက်ပြုခဲ့ပါသည်။ လတ်တလော ပေါ်ထွက်လာသော ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ အစီရင်ခံစာတွင် ဖော်ပြထားသော အခက်အခဲများကို အတူအကွ ပူးပေါင်းဖြေရှင်းသွားရန် သဘောတူခဲ့ကြပါသည်။

လုပ်ငန်းအဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ်မှာ အစည်းအဝေးထပ်မံပြုလုပ်သွားရန်ရှိပြီး အထက်ဖော်ပြပါ အချက်အလက်များနှင့် အသွင်ကူးပြောင်းရေးနှင့် ပတ်သက်၍ အရှိန်အဟုန်နှင့် ဆက်လက်မြှင့်တင်ထိန်းသိမ်းသွားရန် အတည်ပြုဆွေးနွေးခဲ့ကြပါသည်။

**နေပြည်တော်**

**၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းမိသားစုများ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်

**နေပြည်တော်  နိုဝင်ဘာ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ ကျင်းပသည်။**(ဓာတ်ပုံ)**

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ မြို့မဈေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ၎င်းတို့၏မိသားစုများ၊ ကော်မရှင်ရုံးဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ မြို့မဈေးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောသာရ အမှူးပြုသော ဆရာတော် သံဃာတော်များထံ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ မိသားစုများက ကထိန်သင်္ကန်းများနှင့် လှူဒါန်းပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥရောပသမဂ္ဂ(အီးယူ)-မြန်မာ အထူးလုပ်ငန်းအဖွဲ့ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန်  နိုဝင်ဘာ ၁၅**

ဥရောပသမဂ္ဂ(အီးယူ)-မြန်မာ အထူးလုပ်ငန်းအဖွဲ့ (EU-Myanmar Task Force)၏ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာ မူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌ မစ္စကက်သရင်း အက်ရှ်တန်တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။**(ယာပုံ)**

ဆွေးနွေးပွဲတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေး အစီအစဉ်၊ ပိတ်ဆို့မှုများ ရုပ်သိမ်းပြီးနောက်ပိုင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရန် အီးယူ-မြန်မာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ပြုပြင်ပြောင်းလဲမှုတွင် ငြိမ်းချမ်းရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် ၁၄ ဖွဲ့နှင့်ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကျန်အဖွဲ့များကိုလည်း လက်မှတ်ရေးထိုးနိုင်အောင် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ပြုပြင်ပြောင်းလဲမှု၏ ရလဒ်များအဖြစ် ၂၀၁၀ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ယင်းမှတစ်ဆင့် လွှတ်တော်များ ပေါ်ပေါက်လာခဲ့ပြီး တိုင်းပြည်အရေးအရာကိစ္စရပ်များကို လွှတ်တော်အမတ်များက ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း။

ကိုရီးယား၊ တရုတ်တို့၏ အကူအညီဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားငွေချေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈) ရပ်ကိုလည်း ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေး၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးပိုမိုရရှိရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းပိုမိုထိရောက်ရန် မြန်မာပြည်သူတို့၏ အကျိုးစီးပွားနှင့်ကိုက်ညီသည့် ကြိုးပမ်းမှုများ၌ အီးယူက ပါဝင်ကူညီဆောင်ရွက်စေလိုကြောင်း၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသော အီးယူ၏ အကြံဉာဏ်အားများကို မြန်မာက ကြိုဆိုပါကြောင်း ပြောကြားသည်။

အီးယူဘက်က ပါဝင်ဆွေးနွေးသူများက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ ကုန်ကြမ်းပစ္စည်းများ ရရှိမှု၊ လယ်ယာကဏ္ဍ၊ သတ္တုကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များ၊ ကမ္ဘာလှည့်ခရီးသည်များ အီးယူမှမြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာရေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် မြန်မာနိုင်ငံ၏ သဘာဝအလှများ၊ မြန်မာပြည်သူတို့၏ ဖော်ရွေမှု၊ ဧည့်ဝတ်ကျေမှုများကို ကမ္ဘာကသိအောင် လုပ်ဆောင်နေမှုကို ပညာရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှု၊ ပွင့်လင်းမြင်သာမှု၊ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ လယ်ယာပိုင်ဆိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် မြန်မာပြည်သူများ၏ ၇၀ ရာခိုင်နှုန်းသော မြန်မာပြည်သူများမှာ ကျေးလက်နေပြည်သူများဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်ရန် လိုအပ်မှု၊ ပြည်သူအားလုံး၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအစီအမံများ၊ ငွေကြေးကဏ္ဍများတွင် ပွင့်လင်းမြင်သာမှုရှိရေး လုပ်ငန်းများတွင် အီးယူမှကူညီပေးရေး စသည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ လုပ်ငန်းအဖွဲ့နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ မူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌ မစ္စကက်သရင်း အက်ရှ်တန်တို့က သဘာပတိ အဖြစ် ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဥရောပသမဂ္ဂမှ အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဆွေးနွေးသည့် အဓိကအကြောင်းအရင်းများမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် မရှိမဖြစ်လိုအပ်သည့် တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ လူ့အခွင့်အရေး၊ ၂၀၁၅ ခုနှစ်တွင် တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် နိုင်ငံတော်အတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ အီးယူ-မြန်မာလုပ်ငန်းအဖွဲ့မှ ပါလီမန်အမတ်များ ဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အီးယူပါလီမန် ဒုတိယဥက္ကဋ္ဌ မစ္စ အစ်ဇဘယ်ဂျူးရန်တို့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ အမတ်များ၊ ဥရောပပါလီမန်အမတ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပါလီမန်ဆိုင်ရာ လုပ်ငန်းဆောင်တာနှင့် စည်းမျဉ်းစည်းကမ်းများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ မူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌ မစ္စ ကက်သရင်း အက်ရှ်တန်တို့က မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

# လက်ပံတောင်းတောင်နယ်မြေ၌ လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များအား ရွာသူရွာသားများက လေးခွများဖြင့်ပစ်ခတ်ပြီး ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်ကိုးဦး ဒဏ်ရာရရှိ

**နေပြည်တော်  နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အင်ကြင်းတောင်သပိတ်စခန်းနယ်မြေ၌ နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် ရွာသူရွာသားများက လုံခြုံရေးတာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လေးခွများဖြင့် ပစ်ခတ်ပြီး ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသဖြင့် ရဲတပ်ဖွဲ့ဝင် ကိုးဦးဒဏ်ရာရရှိပြီး ရဲတပ်ဖွဲ့မှမော်တော်ယာဉ်နှစ်စီး လေကာမှန်များထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ည ၇ နာရီခွဲခန့်တွင် အင်ကြင်းတောင်သပိတ်စခန်းသို့ မိုးကြိုးပြင်ရွာမှသွားရာလမ်း ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၄၄၀/၄)၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲမှူးဇော်ဝင်းအောင် ဦးစီးအဖွဲ့အား မိုးကြိုးပြင်ကျေးရွာမှ ရွာသူရွာသား ၁၅၀ ခန့်က လေးခွများ၊ ကျောက်ခဲများဖြင့် ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့က ပြန်လည်သတိပေးပစ်ခတ်မှုသာ ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ပုသိမ်-မုံရွာကားလမ်းပေါ်ရှိ ရဲတပ်ရင်းမှ တပ်စုနှစ်စုသည် အဆိုပါနေရာသို့ လိုအပ်သည်များ ကူညီဆောင်ရွက်နိုင်ရန် မော်တော်ယာဉ်ဖြင့် သွားရောက်စဉ် မိုးကြိုးပြင်ကျေးရွာမှ ရွာသူရွာသား ၁၅၀ ခန့်က လေးခွနှင့်ကျောက်ခဲများဖြင့် ပစ်ခတ်ခဲ့သဖြင့် ရဲတပ်ဖွဲ့မှသတိပေးပစ်ခတ်မှုများပြုလုပ်ခဲ့ရကြောင်း၊ ရွာသူရွာသားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်ကိုးဦးဒဏ်ရာများ ရရှိခဲ့ကြကြောင်း၊ ရဲတပ်ဖွဲ့မှကားနှစ်စီးမှာလည်း ရှေ့လေကာမှန်ကွဲခြင်း၊ နောက်ကြည့်မှန်များကွဲခြင်း ဖြစ်ပွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ ရဲတပ်ဖွဲ့ဝင်များအား မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပရီမီယာလိဂ်၏ ထိပ်တန်းဂိုးသွင်းရှင်များစာရင်းတွင် အဂူရိုနှင့် စတားရစ်ထိပ်ဆုံးမှ ရပ်တည်

ငွေကြယ်

ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်၏ လက်ရှိထိပ်တန်းဂိုးသွင်းရှင်များကို စာရင်းဇယားများဖြင့် နှိုင်းယှဉ်ဖော်ပြခဲ့ရာတွင် လီဗာပူးတိုက်စစ်မှူး ဒန်နီယယ်စတားရစ်နှင့် မန်စီးတီး တိုက်စစ်မှူး ဆာဂျီယိုအဂူရိုတို့သည် ပရီမီယာလိဂ်၏ ထိပ်တန်းဂိုးသွင်းရှင်များစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နေကြောင်း သိရသည်။

လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်နှင့် တိုက်စစ်မှူး ဒန်နီယယ်စတားရစ်တို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အထောက်အကူပြုကာ ဂိုးများ သွင်းယူခဲ့ကြပြီး မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီမှာမူ ရွန်းနီ၏ အထောက်အပံ့ပေးမှုကြောင့်လည်းကောင်း၊ မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် နီဂရီဒို၏ ဖန်တီးပေးမှုများဖြင့်လည်းကောင်း ဂိုးများသွင်းယူခဲ့ကြခြင်းဖြစ်သည်။

မန်စီးတီးတိုက်စစ်မှူး အဂူရိုနှင့် လီဗာပူးတိုက်စစ်မှူးစတားရစ်တို့သည် လက်ရှိတွင် သွင်းဂိုးရှစ်ဂိုးစီ သွင်းယူထားနိုင်ခဲ့သည့် တိုက်စစ်မှူးများဖြစ်ပြီး အဂူရိုမှာမူ လေးဂိုးအထိ ဖန်တီးပေးနိုင်ခဲ့ခြင်းကြောင့် ဇယားထိပ်ဆုံးတွင် ရပ်တည်နေပြီး စတားရစ်မှာမူ သွင်းဂိုး နှစ်ဂိုးသာ ဖန်တီးပေးနိုင်ခဲ့သဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ မန်ယူ တိုက်စစ်မှူး ရွန်းနီနှင့် အာဆင်နယ် တိုက်စစ်မှူး ဂီရောက်တို့သည် ငါးဂိုးစီ သွင်းယူထားသည့်အပြင် လေးဂိုးအထိ ဖန်တီးပေးနိုင်ခဲ့သည်။

**ပရီမီယာလိဂ်ထိပ်တန်းဂိုးသွင်းရှင်များ၏ ရပ်တည်မှု**

| စဉ် | အမည် | သွင်းဂိုး | ဖန်တီးပေးနိုင်မှု |
|---|---|---|---|
| ၁ | အဂူရို | ၈ | ၄ |
| ၂ | စတားရစ် | ၈ | ၂ |
| ၃ | ဆွာရတ်ဇ် | ၈ | ၁ |
| ၄ | ဗန်ပါစီ | ၇ | ၂ |
| ၅ | လွိုက်ရီမီ | ၇ | ၁ |
| ၆ | ဂီရောက် | ၅ | ၄ |
| ၇ | ရွန်းနီ | ၅ | ၄ |
| ၈ | လူကာကူ | ၅ | ၁ |
| ၉ | လမ်းဘာ့ | ၄ | ၃ |
| ၁၀ | ဆိုဒါဒို | ၄ | ၂ |
| ၁၁ | နီဂရီဒို | ၄ | ၂ |
| ၁၂ | ဝီဖရီးဘိုနီ | ၄ | ၁ |
| ၁၃ | ဘန်တီကီ | ၄ | ၀ |

ပြည်တွင်းရေးရာ

# ဖွဲ့စည်းပုံအခြေခံဥပဒေမှတစ်ဆင့် နိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းတည်ငြိမ်မှု ရေရှည်တည်တံ့ရေးတို့ လမ်းဖွင့်ဆောင်ရွက်ပေးလျက်ရှိနေ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ မူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E. Ms. Catherine Ashton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်အောင်ဆန်းစုကြည်၊ ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌ Ms. Isabelle DURANT လည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် EU မှထောက်ပံ့အားပေးကူညီမှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်နာယကသည် ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသော EU- Myanmar ပါလီမန်ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အီးယူ-မြန်မာ ပါလီမန်အချင်းချင်း ဆွေးနွေးပွဲတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥရောပပါလီမန်အကြောင်း ပိုမိုနားလည်လာမည်ဖြစ်ပြီး "ခေတ်မီဒီမိုကရေစီရေးအတွက် ခိုင်မာသော လွှတ်တော်တစ်ရပ် တည်ဆောက်ရန်" ဟူသည့် ခေါင်းစဉ်အောက်တွင် ဥရောပ ပါလီမန်ကိုယ်စားလှယ်များနှင့် အမြင်ချင်းဖလှယ်နိုင်ခွင့် ရကြမည်ဖြစ်ပါကြောင်း။

ခေတ်မီဒီမိုကရေစီစနစ် ဖြစ်ထွန်းရန်အတွက် ခိုင်မာတောင့်တင်းသော လွှတ်တော်လိုအပ်ကြောင်း ပြောကြသည့်အခါ မိမိအနေဖြင့် ခေတ်မီသည့်အပြင် ပိုမိုကောင်းမွန်သောဒီမိုကရေစီဟု ထည့်သွင်းပြောကြားလိုပါကြောင်း၊ ခေတ်မီပြီး ကောင်းမွန်သော ဒီမိုကရေစီကို ရည်သန်၍ မိမိတို့လွှတ်တော်သည် ဥပဒေပြုရေး လုပ်ငန်းရပ်များကို လွန်ခဲ့သည့် သုံးနှစ်တာကာလကတည်းက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ အထိုက်အလျောက်ရရှိခဲ့ပြီးဖြစ်သော်လည်း လိုအပ်ချက်များ ရှိနေဆဲပင်ဖြစ်ပါကြောင်း။

ယခုအခါ ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ရန်အတွက် ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဥပဒေပြုလွှတ်တော်များတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ မိမိတို့လွှတ်တော်၏ အဓိကတာဝန်မှာ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူများ၏ လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မိမိတို့ ကြားသိနေရသော ပြည်သူများ၏အသံသည် စစ်မှန်သော ဒီမိုကရေစီနှင့် အဖွဲ့အစည်းများတွင် အခြေခံသည့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရန် ဆန္ဒရှိနေသည်ကို ကြားသိနေရပါကြောင်း၊ မိမိတို့လွှတ်တော်သည် ပြည်သူများ၏ ဆန္ဒသဘောထားကို အမှန်တကယ် ထင်ဟပ်စေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှတစ်ဆင့် နိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းတည်ငြိမ်မှု ရေရှည်တည်တံ့ရေးတို့အတွက် လမ်းဖွင့်ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း။

အမှန်စင်စစ် ဥရောပဒေသသည် ကမ္ဘာပေါ်တွင် အလွန်ကျော်ကြားမှုရှိသော အတွေးအခေါ်များ ဖြစ်ကြသည့် ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်နှင့် ဖက်ဒရယ်စနစ်တို့ မွေးဖွားရာဒေသပင်ဖြစ်ပါကြောင်း။

မိမိတို့လွှတ်တော်ကို ပြည်သူတွေအတွက် ကြိုးပမ်းဆောင်ရွက်မှုမှာ စံနမူနာတစ်ခုဖြစ်စေလိုပါကြောင်း၊ မြန်မာ-အီးယူ လုပ်ငန်းအဖွဲ့နှင့် မိတ်ဆွေများ၊ စိတ်ကောင်းစေတနာရှိသူများအားလုံးက မိမိတို့၏ ကြိုးပမ်းမှုများကို ဝိုင်းဝန်းကူညီမည်ဟု ယုံကြည်ပါကြောင်း။



**ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ယနေ့ နှစ်ဖက်ပါလီမန်အကြား "ပူးပေါင်းကူညီမှုဆိုင်ရာ ပါလီမန်ပူးတွဲကြေညာစာတမ်း" ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံ လွှတ်တော်များ၏ လုပ်ငန်းဆောင်ရွက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်မည်မှာ သေချာပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် EU-Myanmar ပါလီမန်ပူးပေါင်းဆောင်ရွက်မှု ကြေညာစာတမ်း လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်အတည်ပြု

နေပြည်တော် နိုဝင်ဘာ ၁၅

**ယနေ့ ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို အစီအစဉ်(၁၁)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာ (၃)စောင်ကို မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။**

နိုင်ငံတော်သမ္မတထံမှပေးပို့လာသည့် **လျှပ်စစ်ဓာတ်အားခနှုန်းထားများတိုးမြှင့်ကောက်ခံရေးကိစ္စ**နှင့် စပ်လျဉ်းသည့် သဝဏ်လွှာတွင် လျှပ်စစ်ဓာတ်အားခနှုန်းထားအား တိုးမြှင့်ကောက်ခံရန် စီစဉ်ဆောင်ရွက်ရခြင်းသည် နိုင်ငံတော်တစ်ဝန်းတွင် နေထိုင်ကြသော ပြည်သူအများ မျှမျှတတ ခံစားခွင့်ရရှိရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန်တို့အတွက် ရေရှည်စီမံချက်ဖြင့် သုံးသပ်ဆောင်ရွက်ခြင်းဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အစတွင် တိုးမြှင့်ကောက်ခံရေး စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

**ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ**နှင့် စပ်လျဉ်းသည့်သဝဏ်လွှာတွင် လက်ရှိအချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းသည် နှစ်နှစ်ခွဲကျော်ကာလသို့ ရောက်ရှိလာပြီး နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေကိုလည်း အသင့်အတင့် တိုးတက်လာအောင်ဖော်ဆောင်နိုင်ခဲ့ကြပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ လစဉ်ချီးမြှင့်ငွေအသီးသီးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ ရည်ညွှန်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိသည်။

အစည်းအဝေးတွင် **ကိုရီးယားသမ္မတနိုင်ငံ** EDCF **၏ အတိုးနှုန်းသက်သာသော ချေးငွေအမေရိကန်ဒေါ်လာသန်း(၁၅၅ ဒသမ ၈၇၄) ရယူပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများ၏ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရေး**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်ဖေက ကော်မတီ၏ အစီရင်ခံစာကို တင်ပြရာတွင် ချေးငွေနှင့်ပတ်သက်၍ အတိုးနှုန်းသက်သာခြင်း၊ ဆိုင်းငံ့ကာလနှင့် ပြန်ဆပ်ကာလ သတ်မှတ်ချက်တို့သည် သင့်တင့်မျှတခြင်း၊ ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေခြင်းတို့ကြောင့် ကန့်ကွက်ရန်မရှိကြောင်း။

နိုင်ငံခြားချေးငွေများကို ရယူတင်ပြခြင်းတို့ပြုလုပ်ခြင်းဖြင့် ရေရှည်တွင်နိုင်ငံတော်အတွက် ပိုမိုအကျိုးဖြစ်ထွန်းနိုင်ပါသဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက အလေးထားစဉ်းစား ဆောင်ရွက်သင့်ပါကြောင်းနှင့် အမေရိကန်ဒေါ်လာ (၁၅၅ ဒသမ ၈၇၄)သန်း ချေးယူမည့် ကိုရီးယားသမ္မတနိုင်ငံ၏ချေးငွေကို သဘောတူသင့်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ယင်းချေးငွေရယူရေးကိစ္စနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင် ဦးအေးမောက်က ဆွေးနွေးခဲ့ပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။



**ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပစဉ်။** (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက က အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခဲ့သည်။

**မြန်မာနိုင်ငံ၏ လက်ရှိနှင့်အနာဂတ် လျှပ်စစ်လိုအပ်ချက်အတွက် အဓိကအားထားရမည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ရေအားလျှပ်စစ်ကဏ္ဍကို ကာလတို၊ ကာလရှည်စီမံချက်များဖြင့် စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အရေးကြီးအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က တင်သွင်းရာ လွှတ်တော်က ဆက်လက်ဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော် နာယက က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အဓိကဥပဒေဖြစ်သည့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ အပါအဝင် ဥပဒေ(၇)ခုကို အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ဥပဒေ(၁)ခုကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ပေးပို့ထားပြီးဖြစ်ပါကြောင်း။

လွှတ်တော်နှစ်ရပ် သဘောတူညီသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုလည်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်အတွက် ဆက်လက်ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရေးအတွက် ပြည်ထောင်စု၏ ကြေညာချက်ထုတ်ပြန်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များအပေါ် အထောက်အကူပြုနိုင်စေသော အဆိုပြုချက်များကို အတည်ပြုခြင်း၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော နိုင်ငံခြားချေးငွေကိစ္စနှစ်ခု အတည်ပြုခြင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေး စုံစမ်းရေးကော်မရှင်ဆိုင်ရာလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားခဈေးနှုန်းများ တိုးမြှင့်သတ်မှတ်ခြင်းကိစ္စ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်အတွက် နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးစာရင်း စစ်ဆေးတွေ့ရှိချက်များ၊ ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်မှုများအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းစသည့် လွှတ်တော်၏ လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

☆ ဒုတိယသမ္မတမှ

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ကရာတေးဒို၊ သိုင်း၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ စားပွဲတင်တင်းနစ်ဟူသည့် အားကစားနည်း(၁၀)နည်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ကျောင်းသား ကျောင်းသူ ၁၅၀ ကို လက်ခံသင်ကြားနိုင်မည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများတင်ပြတောင်းခံ၍ ကျောင်းသားကျောင်းသူ ၃၀၀ အထိ လက်ခံပြီး အားကစားနည်းများ ထပ်မံတိုးမြှင့်သင်ကြားပေးရန် ရည်ရွယ်ထားရှိကြောင်းနှင့် ယခုဆောင်ရွက်မည့် လုပ်ငန်းအရေအတွက် ၂၀ ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယသမ္မတနှင့်အတူလိုက်ပါလာသည့် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများက ရှမ်းပြည်နယ်အတွင်း သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ခဲ့ရာတွင် ယခုဆိုလျှင် အစိုးရသက်တမ်းတစ်ဝက်ကျော်လာပြီဖြစ်ပါကြောင်း၊ သက်တမ်းတစ်ခု၏ နှစ်ဝက်ကာလတွင် အောင်မြင်သည်များရှိသကဲ့သို့ လိုအပ်သည်များလည်း ရှိပါသေးကြောင်း၊ လိုအပ်မှုများနှင့်ပတ်သက်၍ ပြန်လည်ဆန်းစစ်ပြီး ဆက်လက်လုပ်ဆောင်ရမည့် နည်းလမ်းများသိရှိရအောင် ယခုကဲ့သို့ လာရောက်ရခြင်းဖြစ်ပါကြောင်း၊ အစကာလမှစ၍ လုပ်ငန်းအားလုံးခြုံကြည့်လျှင် လိုအပ်နေသေးသည်ကို တွေ့ရပါကြောင်း။

ဘတ်ဂျက်နှင့်လုပ်ပိုင်ခွင့်များကိုလည်း ဖြေလျှော့ပေးခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီနှင့် စည်ပင်သာယာရေးကော်မတီများဖွဲ့စည်းဆောင်ရွက်စေခြင်းသည် ဗဟိုချုပ်ကိုင်မှုစနစ်မှ ဖြေလျှော့ပေးခြင်း ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများကို မျှမျှတတနှင့် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် တောင်ကြီးမြို့ရှိ ဆေးတက္ကသိုလ်(တောင်ကြီး) တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆေးတက္ကသိုလ်(တောင်ကြီး) တည်ဆောက်ဖွင့်လှစ်ရေး ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်တင်တင်လေးက နောင်လေကျေးရွာအုပ်စုရှိ တည်ဆောက်ရေးရှင်းလင်းဆောင်၌ ရှင်းလင်းတင်ပြခဲ့သည်။

တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀၀၀ ရရှိပြီးဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစတင်၍ လက်ခံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ နှစ်စဉ်ကျောင်းသားဦးရေ ၁၀၀ ခန့်နှင့် လိုအပ်ပါက ၂၀၀ အထိ လက်ခံသင်ကြားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုလေ့လာ



**နေပြည်တော် နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးခင်ရီတို့သည် အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC) အထွေထွေအတွင်းရေးမှူး မစ္စတာ အီမယ်လ်ဒင် အီဆန် အိုဂလူ ဦးဆောင်သော အဖွဲ့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အား စစ်တွေလေဆိပ်ခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်တွေလေဆိပ်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းတည့် ၁၂ နာရီတွင် မောင်တောမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဖက်လူ့အဖွဲ့အစည်းမှ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် OIC အထွေထွေအတွင်းရေးမှူးက OIC အဖွဲ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအစိုးရ၏ မူဝါဒအတိုင်း နှစ်ဖက်လူ့အဖွဲ့အစည်းများကို ကူညီထောက်ပံ့သွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများတွင် အပြည့်အဝ ကူညီပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ OIC အဖွဲ့၏ လူသားချင်းစာနာထောက်ထားသော အကူအညီများကို မြန်မာနိုင်ငံအစိုးရနှင့် တိုင်ပင်ညှိနှိုင်းပြီး နိုင်ငံတော်အစိုးရမှတစ်ဆင့် ကူညီထောက်ပံ့သွားမည် ဖြစ်ပါကြောင်း၊ အခြားမည်သည့် အဖွဲ့အစည်း တစ်ခုခုကိုသော်လည်းကောင်း၊ OIC အဖွဲ့က တိုက်ရိုက်သော်လည်းကောင်း ကူညီထောက်ပံ့ခြင်းများ ဆောင်ရွက်သွားမည်မဟုတ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တူရကီ နိုင်ငံခြားရေးဝန်ကြီးက လူသားမျိုးနွယ်တစ်ရပ်အနေဖြင့်သာ မြင်စေလိုပါကြောင်း၊ ဘာသာအယူအဆများ ကွဲပြားမှုကို အခြေမခံစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် OIC အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ရဟတ်ယာဉ်များဖြင့် သင်္ကေပြင် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်လေ့လာကြသည်။

ထို့နောက် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး လေဆိပ်ခန်းမ၌ နှစ်ဖက်အဖွဲ့အစည်းမှ မြို့မိမြို့ဖများအား သီးခြားစီ တွေ့ဆုံမေးမြန်းဆွေးနွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ထွက်ခွာလာရာ ညနေ ၆ နာရီခွဲတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြသည်။

မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ မောင်တောမြို့နယ် ရွာသစ်ကျေးရွာမှ အဘူဟာဆတ်အား OIC အဖွဲ့၏ ယခုခရီးစဉ်နှင့် စပ်လျဉ်း၍ သူ၏အမြင်ကို မေးမြန်းရာ ၎င်းက နှစ်ဖက်လူ့အဖွဲ့အစည်းအနေဖြင့် နှစ်ပေါင်းများစွာ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြပါကြောင်း၊ ဒေသခံအများစုအနေဖြင့် အတူယှဉ်တွဲနေထိုင်ရေးမှာ ပြဿနာမရှိပါကြောင်း၊ အချို့သော လူနည်းစုများ၌သာ ပြဿနာရှိပါကြောင်း၊ မိမိတို့အနေဖြင့် အေးချမ်းစွာ ဆက်လက်အတူယှဉ်တွဲ နေထိုင်လိုပါကြောင်း၊ OIC အဖွဲ့အနေဖြင့် ဒေသတစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပါကြောင်းဖြင့် ပြောပြသည်။

**(သတင်းစဉ်)**



**ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရ မန္တလေးအကျဉ်းထောင်မှ လွတ်မြောက်လာသူများအား တွေ့ရစဉ်။**

**ဓာတ်ပုံ-အေးမြ(မန္တလေး)**



**ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရ မုံရွာအကျဉ်းထောင်မှ လွတ်မြောက်လာသူများနှင့် ကြိုဆိုသူများအား တွေ့ရစဉ်။**

**ဓာတ်ပုံ-မျိုးဝင်းထွန်း(မုံရွာ)**



❍ **ကျောဖုံးမှ**

တစ်ဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ ၁၀ ဦး၊ သံတွဲအကျဉ်းထောင်မှ လေးဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ နှစ်ဦး၊ စစ်တွေအကျဉ်းထောင်မှ ကိုးဦးတို့ဖြစ်ကြောင်း။

ဆက်လက်၍လည်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမကုန်မီ နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်ရေးအတွက် နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရ အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသူများအား တွေ့ရစဉ်။**

**ဓာတ်ပုံ-မြင့်ဦး(အင်းစိန်)**

# အပူပိုင်းမုန်တိုင်းငယ် အခြေအနေ

ယနေ့ညနေ ၅နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက် တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၉၀ ခန့်၊ နာဂါပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၃၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၆၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်သည် လက်ရှိတွင် အနောက်တောင်ဘက်သို့ ရွေ့လျားလျက်ရှိပြီး နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ပြန်လည်ရွေ့လျားကာ အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်းကမ်းခြေကို နာဂါပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၆-၁၁-၂၀၁၃ (စနေနေ့)**

**(၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက်၊ အဖိတ်နေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၀ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၆း၄၀ | "အံ့ဖွယ်အစုံအလင်နဲ့ သာသနာ့သမိုင်းဝင်တဲ့ဖိုလ်ဝင်တောင်" |
| ၉း၄၀ | တန်ဆောင်တိုင်တေးများ |
| ၉း၅၀ | သုတရောင်စုံပန်းခင်း |
| ၁၀း၂၅ | ရွှေရင်ခုန်သံ |
| ၁၁း၃၀ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၃း၁၅ | "အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) သွားစို့တူပျော်ပျော်" |

# ဥပဒေကိုလိုက်နာကြ၊ ဘေးကင်းမှာမုချ

ဖိုးကံကောင်း (နေပြည်တော်)

အခုတလော ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှာရှိတဲ့ စက်ရုံလုပ်သားအချို့ရဲ့ ခံစားခွင့်များနှင့်ပတ်သက်ပြီး အရေးဆိုလှုပ်ရှားတောင်းဆိုမှုသတင်းများကို တွေ့မြင်ကြားသိနေရပါတယ်။ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့မှာတဲထိုးပြီး ရပိုင်ခွင့်များကို တောင်းဆိုမှုများအပါအဝင် အလုပ်သမားရေးရာလှုပ်ရှားမှု အသွင်သဏ္ဌာန်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ကို လေ့လာသိရှိရပါတယ်။ အလုပ်သမားတို့ရဲ့ ရပိုင်ခွင့်၊ နစ်နာချက်များကို ရရှိခံစားစေမယ့် အလုပ်သမား၊ အလုပ်ရှင်များအဖို့ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်မယ့် ဥပဒေများမရှိကြဘူးလားလို့ ဆန်းစစ်မိပါတယ်။

စာပေဗိမာန်စာအုပ်ဆိုင်တွေမှာ ထုတ်ဝေထားတဲ့ အလုပ်သမားရေးရာနဲ့ဆိုင်တဲ့ဥပဒေစာအုပ်များကိုလည်း တွေ့ရှိနေရပါတယ်။ အဲဒီထဲက ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅)နဲ့ ၂၈-၃-၂၀၁၃ ရက်မှာပြဋ္ဌာန်းခဲ့တဲ့ **“အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)”** ကို ဖတ်ရှုလေ့လာတဲ့အခါ အလုပ်သမား၊ အလုပ်ရှင်တို့ရဲ့ အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းဖို့အတွက် ရည်ရွယ်ချက်ကောင်းများနဲ့ အလုပ်သမားများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ကိုလည်းကောင်း၊ အလုပ်ရှင်နဲ့ အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေဖို့ကိုလည်းကောင်း၊ အလုပ်ရှင်နဲ့အလုပ်သမားအငြင်းပွားမှုကို တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေဖို့ကိုလည်းကောင်း အတိအလင်း ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပြဋ္ဌာန်းခဲ့ပြီးတဲ့နောက် အငြင်းပွားမှုများကို လက်တွေ့ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ယခင်အလုပ်သမားဝန်ကြီးဌာန(ယခုအလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)ရဲ့ ၂၆-၄-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၂) နဲ့ နည်းဥပဒေကို ထုတ်ပြန်ခဲ့ပြီးလည်းဖြစ်ပါတယ်။

ဒီဥပဒေ၊ နည်းဥပဒေတွေအရ စက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(အခြေခံအဆင့် ဆွေးနွေးညှိနှိုင်းခြင်း)၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့(မြို့နယ်အဆင့်ဖျန်ဖြေခြင်း)၊ တိုင်းဒေသကြီး/ပြည်နယ် ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီ(ခုံသမာဓိဖြင့်ဆုံးဖြတ်ခြင်း) စသည်ဖြင့် အဆင့်ဆင့်သော အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများကို ထူထောင်လည်ပတ်စေခဲ့ရာမှာ ယနေ့ထိမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ပေါင်း ၃၂၅ ဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်ခုံသမာဓိအဖွဲ့ပေါင်း ၁၄ ဖွဲ့နဲ့ ခုံသမာဓိကောင်စီတစ်ရပ်တို့ကို ဖွဲ့စည်းနိုင်ခဲ့တယ်လို့ သိရှိရပါတယ်။

ဒီဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်ပြီးတဲ့နောက် ၂၆-၄-၂၀၁၃ ရက်မှ ယနေ့အထိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များက အမှုပေါင်း ၁၀၀၀ ကျော်ကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ခုံသမာဓိအဖွဲ့များသည် အမှုပေါင်း ၁၀၀ ကျော်ကိုလည်းကောင်း၊ ခုံသမာဓိကောင်စီက အမှုပေါင်း ၅၀ ကျော်ကိုလည်းကောင်း အငြင်းပွား ခဲ့ကြတဲ့ အလုပ်သမား၊ အလုပ်ရှင်တို့အကြား ပြေငြိမ်းမှုရရှိစေရေး ဆောင်ရွက်ပေးနိုင်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

ထူးခြားတဲ့ဝိသေသလက္ခဏာကတော့ တရားရုံးစရိတ် ပေးသွင်းဖို့မလိုတဲ့ တရားစီရင်ရေးစနစ်ဖြစ်တဲ့အတွက် အလုပ်သမား၊ အလုပ်ရှင်တို့က အငြင်းပွားမှုကိုဖြေရှင်းရာမှာ ငွေကြေးတစ်စုံတစ်ရာကျခံဖို့မလိုကြောင်း တွေ့ရှိနိုင်ပါတယ်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှာ အလုပ်ရှင်၊ အလုပ်သမား၊ စီမံအုပ်ချုပ်မှုအတွေ့အကြုံရှိ ပုဂ္ဂိုလ်များနဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များ ပါဝင်တဲ့အဖွဲ့ဝင် ၁၁ ဦးရှိတဲ့အတွက် ညှိနှိုင်းမှုဟာ သရေပွဲမရှိဘဲ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြတ်သားတဲ့ နှစ်ဖက်သဘောတူညီမှု ရလဒ်ကောင်းများကိုသာ ပိုင်ဆိုင်ရရှိစေမှာ ဖြစ်ပါတယ်။ အလားတူ တိုင်းဒေသကြီး/ပြည်နယ်ခုံသမာဓိအဖွဲ့များမှာလည်း အဖွဲ့ဝင် ၁၁ ဦးနဲ့ ဖွဲ့စည်းထား ရှိပြီး ခုံသမာဓိကောင်စီမှာတော့ ဝန်ကြီးဌာနကရွေးချယ်တဲ့ ပုဂ္ဂိုလ်ငါးဦး၊ အလုပ်ရှင်အဖွဲ့အစည်းများက ထောက်ခံတင်ပြတဲ့ အမည်စာရင်းက ရွေးချယ်တဲ့ ပုဂ္ဂိုလ် ငါးဦး၊ အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံတင်ပြတဲ့ အမည်စာရင်းက ရွေးချယ်တဲ့ ပုဂ္ဂိုလ်ငါးဦး စုစုပေါင်း ၁၅ ဦးနဲ့ ဖွဲ့စည်းထားရှိပါတယ်။

မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖျန်ဖြေရာမှာ ပြေငြိမ်းမှုမရှိတဲ့ အငြင်းပွားမှုများကို အလုပ်သမားနဲ့ အလုပ်ရှင်တို့ဟာ တိုင်းဒေသကြီး/ပြည်နယ်ခုံသမာဓိအဖွဲ့ထံသို့ ပေးပို့ပြီး ဆုံးဖြတ်ချက်ခံယူနိုင်ပါတယ်။ ယင်းခုံသမာဓိအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိရင် ခုံသမာဓိကောင်စီသို့ ဆုံးဖြတ်ချက်ခံယူရန် ဆက်လက်လျှောက်ထားခွင့်ပြုထားပါတယ်။

အငြင်းပွားမှုများကို ဖြေရှင်းရာမှာ အလုပ်သမားနဲ့ အလုပ်ရှင်တို့က လွတ်လပ်စွာတင်ပြ၊ ချေပနိုင်ကြပြီး တရားရုံးများရဲ့ တရားစီရင်ရေးပုံစံအတိုင်း မိမိကိုယ်တိုင်တင်ပြခြင်း၊ ချေပခြင်း မပြုနိုင်ရင်လည်း အလုပ်ရှင် ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်တို့နဲ့လည်း စနစ်တကျလွှဲအပ်ဆောင်ရွက်နိုင်ပါတယ်။ တောင်းဆိုချက်၊ ချေပချက်တွေကို ဥပဒေနဲ့အညီ လွတ်လပ်စွာတင်ပြ ချေပနိုင်တာကြောင့် ပွင့်လင်းမြင်သာမှုရှိပါတယ်။

ဥပဒေနဲ့အညီ ဖွဲ့စည်းထားတဲ့ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့အပေါ်မှာ အုပ်ချုပ်ရေးအပိုင်းက ဝင်ရောက်စွက်ဖက်တာ မရှိတဲ့အတွက် ဆုံးဖြတ်ချက်များကိုလည်း လွတ်လပ်စွာစီရင်ဆုံးဖြတ်နိုင်တာကို တွေ့ရပါတယ်။

အလုပ်သမားရေးရာအငြင်းပွားမှုများကို ဥပဒေနဲ့အညီ ဖွဲ့စည်းထူထောင်ထားတဲ့ ဖော်ပြပါအဖွဲ့များရဲ့ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာခြင်းဖြင့် ပြေငြိမ်းမှုရရှိဖို့ဟာ မလွဲဧကန်ပါပဲ။ ဒီနေရာမှာ အလုပ်သမားခေါင်းဆောင် (သို့မဟုတ်) အလုပ်သမားရေးရာ တက်ကြွစွာလှုပ်ရှားသူများအနေနဲ့ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေတာကို တွေ့ရှိနိုင်ပါတယ်။ အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ စက်ရုံ၊ အလုပ်ရုံတို့မှာ ဖွဲ့စည်း ထားတဲ့ အလုပ်သမားအဖွဲ့အစည်းများဟာ အလုပ်သမားနဲ့ အလုပ်ရှင်တို့အကြား ပေါင်းကူးသဖွယ်တည်ရှိနေတာကြောင့် မိမိတို့ရဲ့ စက်ရုံတွင်း ဖြစ်ပွားတဲ့ အငြင်းပွားမှုများကို လူမှုရေးအရ ဆွေးနွေးညှိနှိုင်းခြင်း (Social Dialogue) နဲ့ဖြေရှင်းရင် မုချအောင်မြင်မှာဖြစ်ပါတယ်။

အလုပ်သမားများအနေနဲ့ နစ်နာချက်များကို တင်ပြတောင်းဆိုတာဟာ သဘာဝကျတာကြောင့် ဥပဒေနဲ့အညီ လုပ်ငန်းခွင်မပျက်ဘဲ တစ်ဦးချင်းနဲ့ အဖွဲ့အစည်းတို့အတွက် ကိုယ်စားပြုတောင်းဆိုမှုတွေကို ဖြေရှင်းပေးနိုင်မယ့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များထံသို့ အဆင့်ဆင့်တင်ပြတောင်းဆိုနိုင်ပါတယ်။ စက်ရုံရှေ့ပိတ်ဆို့၍ သော်လည်းကောင်း၊ တဲထိုး၍သော်လည်းကောင်း ဆန္ဒပြ တင်ပြရန် မလိုဘဲ အလုပ်ခွင်မပျက် စနစ်တကျတင်ပြတောင်းဆိုနိုင်တဲ့အတွက် မိမိတို့ရဲ့လစာကို ထိခိုက်မှုအလျဉ်းမရှိနိုင်ပါ။ ဒီနေရာမှာ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၄ အရ **“ဆန္ဒပြသပိတ်မှောက်ခြင်းသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်အား ခေတ္တရပ်ဆိုင်းစေခြင်းဖြစ်၍ ထိုကာလအတွင်း အလုပ်ရှင်က သပိတ်မှောက်သည့် အလုပ်သမားများအား လစာစရိတ်ပေးရန် တာဝန်မရှိစေရ”** ဟု ပြဋ္ဌာန်းထားတာကြောင့် အလုပ်သမားများနဲ့ အလုပ်သမားခေါင်းဆောင်များက ဆင်ခြင်သတိပြုဖို့ လိုတာကို သုံးသပ်ရပါတယ်။

ယင်းဥပဒေပုဒ်မ ၄၀ မှာလည်း **“မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း(သို့မဟုတ်) သပိတ်မှောက်ခြင်း မပြုရ”** ဟု ပြဋ္ဌာန်းထားတဲ့အတွက် အလုပ်ရှင်အနေနဲ့ အလုပ်ပိတ်ခြင်းကို မိမိဆန္ဒအလျောက် ဆောင်ရွက်မှုမပြုနိုင်သလို အလုပ်သမားများကလည်း ၎င်းတို့ရဲ့နစ်နာချက်၊ တောင်းဆိုချက်တွေကို ဥပဒေနဲ့အညီသာ ဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

**အလုပ်သမားများအနေနဲ့ မိမိတို့လုပ်ကိုင်နေတဲ့ လုပ်ငန်းခွင်အေးချမ်း သာယာရင် ဥပဒေနဲ့အညီ လုပ်အားနဲ့ညီမျှတဲ့ ခံစားခွင့်များကို မလွဲ မသွေရရှိလာပြီး အခြားကုန်ထုတ်လုပ်ငန်းများ၊ လုပ်ငန်းတူ စက်ရုံ များအကြားမှာ ဂုဏ်သတင်းမြင့်မားပြီး အောင်မြင်မှုအသီးအပွင့်များကို မုချခံစားရမှာဖြစ်**

အလုပ်ရှင်၊ အလုပ်သမားတို့အနေနဲ့ မိမိတို့ရဲ့ ဆန္ဒသဘောထားတစ်ခုတည်းကိုသာ ရှေ့တန်းတင်ခြင်း၊ ဥပဒေဆိုင်ရာအသိပညာ ကုံလုံကြွယ်ဝမှု မရှိခြင်း၊ တည်ဆဲဥပဒေများကို အလုပ်သမား၊ အလုပ်ရှင်များက လေ့လာမှုအားနည်းခြင်းတို့ကြောင့် ခွင့်ပြုချက်မရဘဲ စီတန်းလှည့်လည်ခြင်းပြုရင် တည်ဆဲဥပဒေများနဲ့ ငြိစွန်းနိုင်ပြီး မလိုလားအပ်တဲ့ အရေးယူမှုဖြစ်ရပ်များကြုံတွေ့နိုင်သလို တစ်ဖက်နဲ့တစ်ဖက် ရန်လိုမုန်းတီးမှုများမှတစ်ဆင့် အကြမ်းဖက်ခြင်းအထိ ရောက်ရှိသွားစေနိုင်တာကြောင့် ပြဋ္ဌာန်းထားတဲ့ဥပဒေများကို လေ့လာပြီး မှန်ကန်စွာ ကျင့်ကြံဆောင်ရွက်ကြဖို့ လိုပါတယ်။ မသမာသူများရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကိုလည်း သတိပြု ဆင်ခြင်ကြဖို့လိုပါတယ်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ **အခန်း(၉) ပုဒ်မ ၄၆ နဲ့ ၄၇** တို့မှာ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ဒဏ်ငွေတပ်ခြင်းကိုလည်းကောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်များနဲ့ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နဲ့ ခုံသမာဓိကောင်စီတို့ရဲ့ ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်မှု မရှိရင် ဥပဒေများနဲ့အညီ တရားစွဲဆိုခြင်းကိုလည်းကောင်း ခံရမှာဖြစ်ပါတယ်။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရဲ့ ရှေ့မှောက်မှာ ချုပ်ဆိုထားတဲ့ နှစ်ဖက်သဘောတူစာချုပ်အရဖြစ်စေ၊ ခုံသမာဓိအဖွဲ့(သို့မဟုတ်) ခုံအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရဖြစ်စေ တာဝန်ရှိသူက ငွေပေးသွင်းရန် ပျက်ကွက်ရင် အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့အရ ကောက်ခံရမည်ဖြစ်တယ်လို့ **နည်းဥပဒေ အခန်း (၇) အပိုဒ် ၂၉၊ ၃၀၊၃၁** တို့မှာ အလုပ်သမားများရဲ့ နစ်နာတဲ့ငွေကြေးခံစားခွင့်များကို အတိအလင်း ပြဋ္ဌာန်းထားတာဖြစ်လို့ အလုပ်ရှင်များအနေနဲ့ တာဝန်ရှိတဲ့အလျောက် လိုက်နာဆောင်ရွက်ဖို့နဲ့ ဥပဒေကို ချိုးဖောက်မှုမရှိစေဖို့ အလေးထားကြဖို့ လိုပါတယ်။ နိုင်ငံတော်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အလုပ်ရှင်များအနေနဲ့ အလုပ်သမားထုရဲ့အသံကိုနားစွင့်ပြီး ခေတ်နဲ့လျော်ညီတဲ့ လုပ်ငန်းခွင်ဆက်ဆံရေးများကို ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အုပ်ချုပ်တဲ့စက်ရုံမန်နေဂျာ၊ Supervisor များကိုသာ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းဖို့လွှဲအပ်မထားဘဲ အခြေအနေမှန်များကို သိရှိဖို့အတွက် ကိုယ်တိုင်ကိုယ်ကျ ထဲထဲဝင်ဝင် မိမိ အလုပ်သမားများနဲ့ ထိတွေ့ဆက်ဆံဖို့ အထူးလိုအပ်ပါတယ်။ အလုပ်ရှင်ကိုယ်တိုင် ဖြေရှင်းတာကိုလည်း အလုပ်သမားအများစုက လိုလားနှစ်သက်ကြပြီး ပြဿနာအရင်းအမြစ်များကိုလည်း အမှန်တကယ်ဖြေရှင်းနိုင်စေမှာ ဖြစ်ပါတယ်။

လုပ်သားထုရဲ့ လိုလားနှစ်သက်မှုကို ခံယူရရှိတဲ့ အလုပ်ရှင်အနေနဲ့ ယုံကြည်မှုများကိုပါ ပိုင်ဆိုင်ရမှာဖြစ်ပြီး မိမိပိုင်စက်ရုံရဲ့ ကုန်ထုတ်လုပ်မှုအဝနဲ့ အကျိုးစီးပွားများကိုတိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ဒီလိုတာဝန်ယူဖြေရှင်းတာကြောင့် နိုင်ငံကြီးသားပီသခြင်း၊ ဂုဏ်သိက္ခာဝင့်ထည်ခြင်းတို့ကို ရရှိလာမှာဖြစ်ပြီး ဥပဒေနဲ့အညီ ဆောင်ရွက်မှုမရှိရင်တော့ အရေးယူမှုခံရရုံသာမက ဂုဏ်သိက္ခာထိခိုက်ပြီး နာမည်ပျက်စာရင်းသွင်းခံရရင် ရှက်ဖွယ်ပင်ဖြစ်တဲ့အတွက် အလုပ်ရှင်တိုင်းက အလေးထားဆောင်ရွက်သင့်ပါတယ်။ မကြာမီ ပေါ်ပေါက်တိုးတက်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရင် ပြည်ပကုမ္ပဏီများ၊ လုပ်ငန်းရှင်များအကြားမှာ နာမည်ရပြီး အရည်အသွေးပြည့်ဝတဲ့ ဂုဏ်သတင်းများကြောင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းမှုများ ရရှိလာကာ မိမိရဲ့လုပ်သားထုစွမ်းပကားနဲ့ အောင်မြင်မှု၊ စီးပွားတိုးတက်မှုသရဖူများကို ဆောင်းနိုင်မှာဖြစ်ပါတယ်။

အလုပ်သမားများအနေနဲ့ မိမိတို့လုပ်ကိုင်နေတဲ့ လုပ်ငန်းခွင်အေးချမ်းသာယာရင် ဥပဒေနဲ့အညီ လုပ်အားနဲ့ညီမျှတဲ့ ခံစားခွင့်များကို မလွဲမသွေရရှိလာပြီး အခြားကုန်ထုတ်လုပ်ငန်းများ၊ လုပ်ငန်းတူ စက်ရုံများအကြားမှာ ဂုဏ်သတင်းမြင့်မားပြီး အောင်မြင်မှုအသီးအပွင့်များကို မုချခံစားရမှာဖြစ်တာကြောင့် အလုပ်သမား၊ အလုပ်ရှင်တို့ဟာ ပြဋ္ဌာန်းထားတဲ့ **အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်း ရေးဥပဒေကို** လိုက်နာကျင့်သုံးဆောင်ရွက်ဖို့ တာဝန်ရှိကြောင်း သိရှိနားလည်ကြရင် လုပ်ငန်းခွင်ကောင်းများကို ပိုင်ဆိုင်လာပြီး ဝင်ငွေတိုးတက်ရရှိကြကာ လူနေမှုအဆင့်အတန်းမြင့်မားတဲ့ အခြေအနေသို့ မလွဲမသွေရောက်ရှိကြမှာဖြစ်ကြောင်း ယုံကြည်စွာနဲ့ တိုက်တွန်းလိုက်ပါတယ်။ ။

## ရွှေတိဂုံမသိုးသင်္ကန်းရက်ပြိုင်ပွဲအတွက် ဧည့်စာရင်းဖြင့် ညအိပ်ခွင့်ပြုထား

**ရန်ကုန် နိုဝင်ဘာ ၁၅**

လာမည့်နိုဝင်ဘာ ၁၆ ရက်ညတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ကျင်းပမည့် မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် အားပေးကြည့်ရှုလိုသူများအတွက် ဧည့်စာရင်းဖြင့် စေတီတော်ရင်ပြင်၌ ညအိပ်ခွင့်ပြုရန်စီစဉ်ထားကြောင်းဂေါပကအဖွဲ့ထံမှ သိရသည်။

ထိုပြိုင်ပွဲတွင်ယှဉ်ပြိုင်ကြသော ဘာသာရေးအသင်းအဖွဲ့များကိုလည်း သက်ဆိုင်ရာတန်ဆောင်းတွင် ခွင့်ပြုကာ ဧည့်ပရိသတ်များအပါအဝင် မှတ်ပုံတင်ဖြင့် ဧည့်စာရင်းတိုင်ကြရမည်ဖြစ်ပြီး လုံခြုံရေးမထိခိုက်စေသည့် ဦးရေဖြင့် ခွင့်ပြုပေးသွားမည်ဟု သိရသည်။

“ဒီနှစ်က ပိုပြီးတော့ ကြပ်မတ်တာတွေ ရှိတယ်။ လုပ်ထုံးလုပ်နည်းတွေအရဆိုရင်တော့ ဟိုနှစ်တုန်းကလည်း ဧည့်စာရင်းတိုင်တာမျိုးတွေတော့ လုပ်ခဲ့ရတာပါပဲ” ဟု ဘာသာရေးအသင်းတစ်ခုက ရှင်းပြသည်။

တန်ဆောင်တိုင်ပွဲတော်၏အဖိတ်နေ့ဖြစ်သော နိုဝင်ဘာ ၁၆ ရက်ညနေမှစတင်၍ ရွှေတိဂုံရင်ပြင်တွင် မသိုးသင်္ကန်း ရက်ပြိုင်ပွဲကျင်းပမည်ဖြစ်သောကြောင့် လာရောက်ကြည့်ရှုအားပေးရန် စီစဉ်ထားမှုများရှိသည်။ နှစ်စဉ်တန်ဆောင်တိုင်ကာလ ရွှေတိဂုံမသိုးသင်္ကန်းရက်ပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှဘုရားဖူးဧည့်ပရိသတ်များက ညလုံးပေါက် လာရောက်ကြည့်ရှုခဲ့ကြပြီး ရင်ပြင်တော်ပေါ်တွင် ညအိပ်၍ နံနက်အရုဏ်တက်ချိန်မှပြန်သွားသည်များရှိခဲ့သည်။

“မသိုးသင်္ကန်းရက်တာသွားကြည့်ဖို့ဆိုရင် ရင်ပြင်တော်ပေါ်မှာ ညလုံးပေါက်နေမှအဆင်ပြေတာ။ ည ၉ နာရီ၊ ၁၀ နာရီ လောက်မှာ အကုန်ပြီးစီးနေပေမယ့် ည ၁၂ နာရီလောက်မှဆုပေးတော့ အဲဒီကျမှ ဘယ်အသင်းဆုရတယ်ဆိုတာ သိတာ။ နံနက်အရုဏ်တက်ချိန်ကျတော့ ရင်ပြင်တော်ပေါ်မှာ မသိုးသင်္ကန်းတော်တွေလှည့်လည်ပြီး ဘုရားတွေမှာ ကပ်ကြတာဆိုတော့ ညလုံးပေါက်နေဖြစ်ခဲ့တာ။ ဒီနှစ်တော့သွားဖြစ်မလားလို့ မပြောနိုင်သေးဘူး။ မသိုးသင်္ကန်းရက်တာကို လှည့်လည်ကြည့်ချင်ကြတဲ့ နယ်ကအမျိုးတွေလည်းလာမှာဆိုတော့ လူအရေအတွက်နဲ့ ကန့်သတ်နေရင် အဆင်မပြေဘူး” ဟု မသိုးသင်္ကန်း ပြိုင်ပွဲနှစ်စဉ်အားပေးကြည့်ရှုသူတစ်ဦးက ရှင်းပြသည်။

ထိုရွှေတိဂုံမသိုးသင်္ကန်းရက်ပြိုင်ပွဲသည် ရန်ကုန်မြို့တွင်အလွန်စည်ကားလျက်ရှိပြီး ကြည့်ရှုအားပေးကြသော ဘုရားဖူးများဖြင့် နှစ်စဉ်တိုးမပေါက်အောင်စည်ကားလျက်ရှိကြောင်း သိရသည်။ **(၆၈၀)**



# မြန်မာလူငယ်ဂေါက်သီးရိုက်ကစားသမားများ ဆုအသီးသီးရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ Royal Hua Hin Golf Club ၌ ကျင်းပခဲ့သည့် "6th Singha Thailand Junior world golf championships 2013" ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်းက အသင်းအုပ်ချုပ်သူအဖြစ် တာဝန်ယူ၍ မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် သက်တန်းအလိုက်ပြိုင်ပွဲအမျိုးမျိုးတွင် အမျိုးသားအားကစားသမား ကိုးဦး၊ အမျိုးသမီးအားကစားသမား သုံးဦး စုစုပေါင်းပြိုင်ပွဲဝင် အားကစားသမား ၁၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ အားကစားသမား ၁၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသမီးဂေါက်သီးအားကစားသမား ယဉ်မေမျိုးက (Girl Class AG)တွင် တတိယဆု၊ သင်းဝေခိုင်က (Girl Class CG)တွင် ပဉ္စမဆု၊ အမျိုးသားဂေါက်သီး အားကစားသမား ကောင်းမြတ်ကျော်က (Boy Class DB) တွင် စတုတ္ထဆု၊ ပြည့်ဖြိုးသူက (Boy Class CB) တွင် ပဉ္စမဆု၊ သီဟမျိုးဆက်က (Boy Class CB) တွင် သတ္တမဆုများ အသီးသီး ရရှိခဲ့သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် TG လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ပုံ)** **(ကြေးမုံ)**

# ဘရုစ်လီ၏ အသုံးအဆောင်ပစ္စည်းများကို လေလံတင်ရောင်းချမည်

တစ်ချိန်က နာမည်ကြီးသရုပ်ဆောင်တစ်ဦးဖြစ်သည့် ဟောင်ကောင်အက်ရှင်မင်းသား ဘရုစ်လီ၏ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းအချို့ကို ၎င်း၏ပရိသတ်များထံသို့ ဒီဇင်ဘာ ၅ ရက်တွင် လေလံကုမ္ပဏီတစ်ခုမှ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း China News ဝက်ဘ်ဆိုက်မှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါလေလံပွဲတွင် ၁၉၇၃ ခုနှစ်က ဇာတ်ကားတွင် မင်းသား ဘရုစ်လီ ဝတ်ဆင်ခဲ့သည့် အဝါရောင် အားကစားဝတ်စုံနှင့် ဇာတ်ကားပေါင်းများစွာတွင် အသုံးပြုခဲ့သည့် နံချပ်ကူတို့အပြင် ရုပ်ရှင်ဇာတ်ကားများအတွင်း အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဘရုစ်လီ အသုံးပြုခဲ့သည့် ရတနာများဖြင့်ပြုလုပ်ထားသည့် အဆောင်လက်ဖွဲ့ကို အမေရိကန်ဒေါ်လာ ၃၂၀၀၀ ကျော်ဖြင့် လည်းကောင်း၊ ၁၉၇၂ ခုနှစ်က ထွက်ရှိခဲ့သည့် Fist Of Fury ဇာတ်ကားတွင် ရိုက်ကူးခဲ့သည့် ဘရုစ်လီ၏ ဓာတ်ပုံကို အမေရိကန်ဒေါ်လာ ၄၉၀၀၀ ကျော်ဖြင့် လည်းကောင်း စသည်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်စုစည်းတင်ပြသည်**





# အယ်လ်ဘမ်သစ်တွင် ညီမဖြစ်သူကို ပွဲထုတ်ထားသည့် ဘရစ်တ်နေးစပီးယား

အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဘရစ်တ်နေးစပီးယားက ယခုလ ၂၉ ရက်တွင်ထွက်ရှိလာမည့် အဋ္ဌမမြောက် Britney Jean အယ်လ်ဘမ်အသစ်တွင်ပါရှိသော Chillin' With You သီချင်းတွင် ညီမငယ်ဖြစ်သူ ဂျေမီလင်းနှင့်အတူ တွဲဖက်သီဆိုထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အယ်လ်ဘမ်အသစ်တွင် ညီမငယ်ဖြစ်သူနှင့် တွဲဖက်ဖျော်ဖြေခွင့်ရသည့်အတွက် စိတ်လှုပ်ရှားမိသလို ညီမငယ် ဂျေမီလင်းအနေဖြင့်လည်း စိတ်လှုပ်ရှားနေပါကြောင်း ပေါ့ပ်ကြယ်ပွင့်ကဆိုသည်။ အဆိုပါ Britney Jean အယ်လ်ဘမ်မှ သီချင်းသစ်တစ်ပုဒ်ကို နိုဝင်ဘာ ၄ ရက်က ပရိသတ်များနားဆင်နိုင်ရန် ဖြန့်ချိပေးခဲ့ပြီးဖြစ်သည်။

ဘရစ်တ်နေးစပီးယား၏ အဆိုပါအယ်လ်ဘမ်သစ်တွင် သူမ၏ ကိုယ်တွေ့အတွေ့အကြုံများကို အများဆုံးထည့်သွင်းရေးစပ်ထားသည့်သီချင်းများ ပါဝင်ကြောင်း သိရသည်။


## အများသိစေရန်

ကျွန်တော်၏ဇနီးမယားဖြစ်သူ မဝေဝေမာသူ မှတ်ပုံတင်အမှတ်[၇/ပတတ(နိုင်) ၀၈၇၅၀၇] သည် ၁၁-၁၁-၂၀၁၃ ရက်တွင် လက်ဝတ်ရတနာများယူဆောင်၍ နေအိမ်မှထွက်သွားပါသည်။ စုံစမ်းဆက်သွယ်၍မရပါ။ သို့ဖြစ်ပါ၍ လက်ခံသွေးဆောင်ဖြားယောင်းထားသူအား ဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကိုရဲသွေးအောင်**
**[၁၂/ကမရ(နိုင်)၀၅၄၈၇၆]**

## အလက(၂)မရမ်းကုန်း (ချော်တွင်းကုန်း)

မြတ်ဆရာပူဇော်ပွဲကို ၂၉-၁၂-၂၀၁၃ရက်တွင် ဒုတိယအကြိမ် ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာ/မ၊ ကျောင်းသား/သူဟောင်းများဆက်သွယ် လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်-ကျောင်းအုပ်ကြီး အလက(၂) မရမ်းကုန်း-၀၁-၆၆၀၄၅၈
- ဆရာဦးအောင်မင်း- ၀၉-၇၃၁၂၆၇၉၂
- ဒေါ်အေးအေးသန်း- ၀၉-၄၂၀၅၆၃၇၃
- ကိုညီညီစိုး- ၀၉-၄၂၀၄၀၉၆၅
- ဒေါ်တင်တင်နွဲ့- ၀၁-၆၅၀၇၅၃
- ကိုမောင်မောင်လတ် ("အောင်ပါစေ"-စတိုး)-၀၉-၅၁၉၅၃၉၄
- ဒေါ်လေးလေးမြင့်- ၀၉- ၇၃၀၈၆၇၈၁
- ကိုသန်းမင်းထွန်း -၀၉-၅၄၀၉၄၉၇

## ဝန်ထမ်းအလိုရှိသည်

၁။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သော Messaging Life Initiative စီမံချက်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသော Rapid-SMS Programmer ဝန်ထမ်း တစ်ဦး ခန့်ထားရန်ရှိပါသည်-

လိုအပ်သောအရည်အချင်း-

(က) ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရပြီး (သို့) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာသိပ္ပံ၊ နည်းပညာစနစ်၊ Software နှင့် Design ပိုင်းတွင် ကျွမ်းကျင်သူ

(ခ) ကွန်ပျူတာနှင့် နည်းပညာဆိုင်ရာနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်(သို့)(၃)နှစ်ရှိသူ (Python နှင့် Django Programming Language) တတ်မြောက်ပါက ပို၍ သင့်တော်ပါသည်။

(ဂ) တက်တက်ကြွကြွနှင့် ရလဒ်ကောင်း ထွက်အောင်ဆောင်ရွက်နိုင်သူ (နယ်ပယ်အမျိုးမျိုးမှအသင်းအဖွဲ့အမျိုးမျိုးနှင့်ပူးပေါင်းဆောင်ရွက်နိုင်သူ)

၂။ တာဝန်ထမ်းဆောင်ရမည့်နေရာ -ရန်ကုန်မြို့

၃။ လစာ -မြန်မာငွေကျပ်နှစ်သိန်းငါးသောင်းတိတိ

၄။ စီမံချက်ကာလ -(၁)နှစ်တိတိ

၅။ စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက်ပြည့်စုံစွာရေးသားထားသော ကိုယ်ရေးလျှောက်လွှာ လိုင်စင်ဓာတ်ပုံ၊ နိုင်ငံရေး/ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံချက်၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးချုပ်၊သုခမလမ်း၊ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်သို့ ၂၉-၁၁-၂၀၁၃ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။

၆။ လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့် တာဝန်ခံထားရမှု အသေးစိတ်ကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၀၆၇-၄၁၉၀၁၁၊ ၀၆၇-၄၁၉၀၁၂

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

## မွေးနေ့ဆုမွန်လွှာ

၁၆-၁၁-၂၀၁၃ရက်နေ့တွင် ကျရောက်သော ဖေဖေ ဒေါက်တာသူလွင်ဝင်း-မေမေဒေါ်ခင်စပယ်ဖြူတို့၏ သားဦးရတနာလေး ဘုန်းခန့်မောင် (ခ) Baby Boy ၏ ရက် (၁၀၀) ပြည့်မွေးနေ့ရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင် အသက်ရာကျော်ရှည်၍ ထူးချွန်ထက်မြက်လိမ္မာယဉ်ကျေးသည့် သားကောင်း ရတနာဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

**ဘိုးဘိုး၊ ဘွားဘွား -ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း(ငြိမ်း)-**
**ဒေါ်တင်ကြူသိန်း**
**တီတီ -ထိုက်**









# အဂ္ဂိတောဝါဘေးက ကင်းဝေးလိုလျှင်

ပွင့်လင်းရာသီသို့ ကူးပြောင်းလာသည်နှင့်အမျှ ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် အဂ္ဂိတောဝါဘေး(မီးဘေး)က ခေါင်းပြူလာသည်။ မြို့ပြ၏လမ်းမထက်များပေါ်တွင် မီးသတ်ယာဉ်များ၏ ဥသြသံများကလည်း အသည်းထိတ်စရာ. . .

ယခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှု ၈၉ကြိမ်အနက် မီးဖိုမီး+ပေါ့ဆမီး ၅၉ကြိမ်၊ အလိုအလျောက်မီး တစ်ကြိမ် လျှပ်စစ်မီး ၁၉ကြိမ်နှင့် မသမာသူရှို့မီး ၁၀ ကြိမ်ပါဝင်ပြီး အိမ်ခြေအဆောက်အအုံ ၂၄၂လုံး အိုးမဲ့အိမ်မဲ့ဖြစ်ကာ မီးဘေးဒုက္ခသည် ၅၈၈ ဦး၊ နှစ်ဦးသေ၊ ၃ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ်များအနက် ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့မှာ ဒုတိယနှင့်တတိယအများဆုံး ဖြစ်ပွားခဲ့ပြီးဖြစ်ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးများအလိုက်မူ ရှမ်းပြည်နယ်က အများဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့က ဒုတိယနှင့် တတိယအများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား နေရာအနှံ့နည်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မင်းက "မီးလောင်ဆုံးရှုံးမှုလျော့နည်းစေဖို့အတွက် မီးသတင်းရရခြင်း အမြန်ဆုံးငြိမ်းသတ်နိုင်ရန် စက်အသင့်၊ လူအသင့်၊ စက်သုံးဆီအသင့်၊ ရေအသင့်ရှိရေးကို အသင့်အနေအထား ဆောင်ရွက်ထားပါတယ်။ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေနဲ့လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။ ဈေးနဲ့အထပ်မြင့်အဆောက်အအုံတွေ မီးလောင်ရင် ဆုံးရှုံးမှုတန်ဖိုးများတဲ့အတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ စည်ပင်သာယာအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဟောပြောပို့ချနိုင်ဖို့နဲ့ လက်တွေ့သရုပ်ပြနိုင်ဖို့၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းနိုင်ဖို့၊ အရန်မီးသတ် မီးကင်းချထားနိုင်ဖို့တွေကို စီစဉ်နေပါတယ်။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်းနဲ့ လက်တွေ့သရုပ်ပြခြင်းတွေကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တွေကတစ်ဆင့် ဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် အထပ်မြင့်တိုက်များ၊ စုပေါင်းအိမ်ရာများတွင် စေတနာရှင် (Volunteer)များအား စုဖွဲ့၍ မီးဘေးကာကွယ်ရေး ရက်တိုသင်တန်းများ ပေးလျက်ရှိသည့်အပြင် ရှေးဦးမီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ၊ ရှေးဦးသူနာပြုစုခြင်းနှင့် ပတ်ဝန်းကျင်ရှိ အိမ်ခန်းများကို မီးဘေးကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ မီးသတ်တပ်ဖွဲ့သို့ ပါဝင်ကူညီဆောင်ရွက်စေရေးစသည့် မီးသတ်ပညာရပ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေး ပညာပေးအစီအစဉ်များကိုလည်း ဆောင်ရွက်နေသည်ဟု သိရသည်။

"မီးလောင်မှုအများဆုံးဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှာ မီးသတိမူရေးနဲ့ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ ပိုမိုလုပ်ဆောင်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် မြို့ပြနဲ့ကျေးရွာများရှိ စက်ရုံ၊ အလုပ်ရုံတွေ ကျောင်းတွေ၊ ဈေးတွေ၊ လူနေအိမ်ခြေအဆောက်အအုံတွေမှာ လျှပ်စစ်ကြောင့် မီးလောင်မှုတွေမဖြစ်ပွားစေဖို့၊ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ လျှပ်စစ်ပစ္စည်းတွေ သုံးစွဲခြင်းကရှောင်ကြဉ်ကြစေဖို့၊ လျှပ်စစ်ဓာတ်ကြိုး ဆက်သွယ်မှုများမှာ စေ့စပ်သေချာစွာ ဆောင်ရွက်ဖို့၊ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်ထက် ပိုမိုလွန်ကဲစွာ အသုံးမပြုဖို့ စစ်ဆေးခြင်းနဲ့ ဟောပြောခြင်းတွေကို အကြံပြုဟောပြောခြင်းနဲ့ စစ်ဆေးခြင်းတွေမှာ လျှပ်စစ်ဆိုင်ရာ ကျွမ်းကျင်သူတွေ ပူးပေါင်းပါဝင် စစ်ဆေးဆောင်ရွက်စေဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်သူများအနေဖြင့် အဂ္ဂိတောဝါ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်တားဆီးကြရန် လိုမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

သတင်းဆောင်းပါး-ဝင်းဝင်းမော်၊ နန္ဒာဝင်း



## ပန်းဘဲတန်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၁၅**

ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဓမ္မာရုံ၌ နိုဝင်ဘာ ၁၂ ရက်က ရပ်ကွက်နေပြည်သူများအား ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပေးဟောပြောဆွေးနွေးပွဲ ကျင်းပ၍ ပြည်သူလူထုသိရှိနိုင်ရန် အိမ်ထောင်စုဝင်များ မေးမြန်းမည့်မေးခွန်းများနှင့်ပတ်သက်၍ ပန်းဘဲတန်းမြို့နယ် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး၊ မြို့နယ်လဝကဦးစီးမှူး၊ ဦးစီးအရာရှိ ဦးစိုးမြင့်ခိုင်မှ ဟောပြောဆွေးနွေးကြောင်းသိရသည်။**(အပေါ်ပုံ)** **(မြို့နယ် လဝက)**



## ဒဂုံမြောက်သင်းဝင်လမ်းနှင့် ပင်လုံလမ်းဆုံ၌ ယာဉ်တိုက်

**ရန်ကုန် နိုဝင်ဘာ ၁၅**

နိုဝင်ဘာ ၁၂ ရက် ည ၈ နာရီခန့်တွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် သင်းဝင်လမ်းနှင့်ပင်လုံလမ်းဆုံနေရာတွင် ယာဉ်တိုက်မှု ရှေ့ဆင့်နောက်ဆင့် တစ်ချိန်တည်း ဖြစ်ပွားသည်။**(အပေါ်ပုံ)**

"ဒီလမ်းဆုံမှာ ကုန်တိုက်ဆိုင်ကြီးတစ်ဆိုင်၊ ဓာတ်ဆီဆိုင်၊ စတိုးဆိုင်များနှင့်စားသောက်ဆိုင်များရှိလို့ အလွန်လူစည်ကားရာ နေရာဖြစ်ပါတယ်။ နံနက်ပိုင်းနှင့် ညပိုင်းမှာ ယာဉ်ကြောပိတ်ဆို့ပြီး ကားများလုမောင်းကြလို့ ယာဉ်တိုက်မှု ခဏခဏဖြစ်ပါတယ်။ ယာဉ်တိုက်မှုဖြစ်ပြီး တစ်ရက်၊ နှစ်ရက်လောက် ယာဉ်ထိန်းရဲများ လာရောက်ကြပ်မတ်ပေးပြီး သူတို့လည်းပျောက်သွားရော မကြာခင် ယာဉ်တိုက်မှုထပ်ဖြစ်ပါတယ်"ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောကြားသည်။

"အခုတိုက်တဲ့ ယာဉ်တိုက်မှုက တိုယိုတာကုန်ကားကြီးနဲ့ ကိုယ်ပိုင်ယာဉ်ငယ်တို့ လမ်းလုမောင်းပြီး ယာဉ်တိုက်မှုစဖြစ်ပါတယ်။ ချက်ချင်းဆိုသလိုပဲ အဲဒီယာဉ်တိုက်မှုဖြစ်တဲ့ကား နှစ်စီးကိုရှောင်မောင်းရင်း နောက်ထပ်ယာဉ်တိုက်မှုတစ်ခု ထပ်ဖြစ်ပါတယ်။ ယာဉ်လေးစီးစလုံး ခေါင်းချင်းဆိုင်နေတာသာ ကြည့်တော့"ဟု အနီးရှိမျက်မြင်သက်သေလူငယ်တစ်ဦးက ပြောကြားသည်။

(၆၄)

**မူးလျှင် မမောင်းနှင့်**
**မောင်းလျှင် မမူးနှင့်**

**အစိုးရကြော်ငြာ**

### ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### ကုန်းလမ်းပို့ဆောင်ရေး
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ ငါးထပ်အဆောက်အအုံ (ဝ. ၁၁) ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန်- ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် (၉း၀၀) နာရီ မှ (၁၂း၀၀) နာရီထိ
တင်ဒါစိစစ်မည့်နေရာ - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉) နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်- ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့) မွန်းတည့် (၁၂း၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ၂၁-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portalတွင်လည်း သတင်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၁-၂၅၂၅၇၃၊ ၀၁-၂၅၂၅၇၄**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရှိ ခရိုင်ရုံးများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လမ်း/တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) ဘိလပ်မြေ
(ခ) သံချောင်းလုံးရှယ်စုံ

၂။ ဝယ်ယူလိုသောပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါဌာနတွင် ၁၉-၁၁-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း စုံစမ်းရယူနိုင်ပါသည်။

**အင်ဂျင်နီယာမှူးကြီးရုံး**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ကယားပြည်နယ်၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၄၉၄**
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်- ၃-၁၂-၂၀၁၃ ရက်၊ ၁၂နာရီ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
### ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့သင်တန်းများအတွက်
### လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့ သင်တန်းများကို ၂-၁၂-၂၀၁၃ ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့် သင်တန်းများ | အခြေခံဘွဲ့ လိုအပ်ချက် | လက်ခံမည့် ဦးရေ |
|---|---|---|---|---|
| (က) | ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာဌာန | ဘွဲ့လွန်ဒီပလိုမာ | B.E(Naval Architecture) | ၅ဦး |
| | | | B.E(Marine Engineering) | |
| | | | B.E(Mechanical) | |
| | | | B.E(E.C),B.E(E.P) | |
| (ခ) | ဆိပ်ကမ်းအင်ဂျင်နီယာဌာန | ဘွဲ့လွန်ဒီပလိုမာ | B.E(Port&Harbour) | ၅ဦး |
| | | | B.E(Civil) | |
| (ဂ) | မြစ်ချောင်းနှင့်ကမ်းရိုးတန်း အင်ဂျင်နီယာဌာန | ဘွဲ့လွန်ဒီပလိုမာ | B.E(River& Coastal) | ၅ဦး |
| | | | B.E(Civil) | |

၂။ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းများနှင့် မိတ္တူများတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃ဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။)
(ခ) ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့သင်တန်းများအတွက် သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး သင်တန်းကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဂ) တက်ရောက်ရမည့် ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာသင်တန်းနှင့် ဆက်စပ်သောလုပ်ငန်းအတွေ့အကြုံရှိသူများအား ဦးစားပေးရွေးချယ်မည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာန/ပြည်ထောင်စုဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက် ခွင့်ပြုကြောင်းထောက်ခံချက်မူရင်း တင်ပြရမည်။
(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ ထောက်ခံချက်လက်မှတ်တင်ပြနိုင်ရမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်များမှ ဘွဲ့လက်မှတ်မူရင်းမိတ္တူတို့ တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၁၅-၁၁-၂၀၁၃ ရက်(သောကြာနေ့)မှစ၍မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ရယူနိုင်ပြီး ၂၁-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များကို စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်(သီလဝါ)၌ ၂၅-၁၁-၂၀၁၃ရက်(တနင်္လာနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| စဉ် | ဘာသာရပ် | အချိန် |
|---|---|---|
| (က) | အင်္ဂလိပ်စာ | ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ |
| (ခ) | တက်ရောက်မည့်ဘာသာရပ် ဆိုင်ရာအထွေထွေဗဟုသုတ | ၁၃း၀၀နာရီမှ ၁၅း၀၀နာရီထိ |

၆။ လူတွေ့စစ်ဆေးခြင်း ခံရမည့်သူများစာရင်းအား ၂၈-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကြေညာမည်ဖြစ်ပြီး ၂၉-၁၁-၂၀၁၃ရက် (သောကြာနေ့)တွင်လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာသင်တန်း တက်ရောက်ခွင့် ရရှိသူများ၏ အမည်စာရင်းကို ၂-၁၂-၂၀၁၃ရက်(တနင်္လာနေ့)တွင်မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်း မပြုသောလျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၉-၅၀၅၈၀၀၇သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှ စီမံကိန်း/လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းဆက်စပ် ပစ္စည်းများ၊ ရေစုပ်ပန့်ဆက်စပ်ပစ္စည်းများအား သက်ဆိုင်ရာ သက်မှတ်နေရာဒေသအရောက် မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ရန်ကုန်မြို့ ဆိပ်ကမ်းများမှ | ပင်မသိုလှောင်ရုံ (ရွာသာကြီး)သို့ | ကွန်တိန်နာယာဉ်များ ဖြင့်သယ်ယူရန် |
| (ခ) | ပင်မသိုလှောင်ရုံ (ရွာသာကြီး)မှ | သက်ဆိုင်ရာသတ်မှတ် နေရာဒေသများသို့ | မော်တော်ယာဉ်များ ဖြင့်သယ်ယူရန် |
| ပိတ်ရက်နှင့်အချိန် | | - ၂၅-၁၁-၂၀၁၃ | (၁၄း၀၀)နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)**
**ထုတ်လုပ်ရေးနှင့် ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈**

**ပျောက်ဆုံးကြောင်း**

မောင်နေမျိုးဆွေ မှတ်ပုံတင်အမှတ် [၉/သစန(နိုင်)၀၈၉၆၃၆]၏ Passport စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း- ၀၉-၄၅၀၀၁၉၆၇၄**

# ပျော်ပျော်ပါးပါး သီချင်းတွေ ဆိုကြရအောင်

**မောင်မောင်ထွေး**

နိစ္စဓူဝလူမှုဘဝထဲမှာ မြင်မြင်ရာတွေကို ကိုယ့်ဦးနှောက်ထဲ အမှိုက်ပုံးလို ထည့်မိရာကနေစိတ်ရဲ့ အညစ်အကြေးတွေက ပိုပြီးထူပြောလာသလို ခံစားလာရတယ်။ ဂီတအဆိုပညာရှင် ဖြူဖြူကျော်သိန်းရဲ့ သီချင်းအခွေတွေ ပြန်နားထောင်ကြည့်မိတဲ့အခါမှ စိတ်ထဲမှာ ပြန်လန်းဆန်းကြည်နူးပျော်ရွှင်ရပါတယ်။

ဟုတ်ပါတယ်၊ ဂီတဟာ စိတ်ကိုကြည်နူးဆွတ်ပျံ့စေတယ်။ လွမ်းဆွေးစေတယ်၊ တက်ကြွစေတယ်၊ အတိတ်ကို ပြန်သယ်ဆောင်သွားစေသလို အနာဂတ်ကိုလည်း မျှော်လင့်ချက်တွေနဲ့ လမ်းပြပေးနိုင်တယ်။

ဂီတအနုပညာကို မခံစားတတ်တဲ့ လူတစ်ဦးအဖို့ ကြမ်းတမ်းတဲ့စိတ်တွေ၊ ရန်လိုမုန်းတီးစိတ်တွေ ပိုပြီးဖြစ်ပေါ်စေမှာ မလွဲပါဘူး(လောကီရေးအရ ပြောတာနော်)။ ပြောင်းပြန်အားဖြင့် ရန်လိုကြမ်းတမ်းတဲ့စိတ်တွေကလည်း ဂီတအနုပညာနဲ့ တွေ့ရင် နူးညံ့ပျော့ပြောင်းသွားစေတယ်။ လက်ငင်းရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒုက္ခတွေကိုလည်း သုခအဖြစ် ပြောင်းလဲဖန်ဆင်းပေးနိုင်ပါတယ်။ ထို့ကြောင့် ဘေးအန္တရာယ်အမျိုးမျိုးကြောင့် စိတ်သောကရောက်နေကြတဲ့ ပြည်သူတွေအတွက်လည်း နှစ်သိမ့်မှုဖြစ်အောင် ဂီတအနုပညာကို အသုံးပြုရတာပါပဲ။

မှတ်မိပါသေးတယ်။ ၂၀၀၈ နာဂစ်မုန်တိုင်းအလွန် ရက်ပိုင်းမှာ မြစ်ဝကျွန်းပေါ်ဒေသက ခေါင်သီတဲ့ မုန်တိုင်းဒဏ်သင့်ကျေးရွာတွေက ပြည်သူတွေစိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်တွေ ပျောက်ကင်းအောင် နယ်ပယ်အသီးသီးက အနုပညာရှင်တွေ သွားရောက်ဖျော်ဖြေပေးခဲ့တာကို လိုက်ပါခဲ့ဖူးတယ်။ လယ်ကွင်းအလယ်က ခနော်ခနဲ့ စင်ကလေးထက်မှာ သူတို့ချစ်တဲ့ အနုပညာရှင်တွေ လာရောက်ဖျော်ဖြေကြတာကြည့်ရင်း သူတို့လက်ငင်းခံစားနေရတဲ့ ဒုက္ခဘုံကို တဒင်္ဂမေ့ပျောက်ပြီး သုခဘုံအလား ပျော်ရွှင်စွာ အားပေးခဲ့တာကို မြင်ခဲ့ရတယ်။

ဒါကြောင့် ဂီတအနုပညာအပါအဝင် လူထုဆက်သွယ်ရေးနည်းလမ်းတွေကို ကမ္ဘာ့စစ်ပွဲကြီး နှစ်ရပ်နဲ့ စစ်အေးခေတ်ကာလအတွင်းမှာ ဆန့်ကျင်ဘက် အင်အားစုနှစ်ရပ်က စစ်ဆင်ရေးတစ်ရပ်အသွင် အသုံးပြုခဲ့တာပါ။ စိတ်ဓာတ်စစ်ဆင်ရေးနဲ့ဝါဒ ဖြန့်ချိရေးနယ်ပယ်အတွက် အနုပညာနဲ့ယဉ်ကျေးမှု အဝန်းအဝိုင်းကို ဆွဲသွင်းခဲ့ရတာပေါ့။

သာဓကအနေနဲ့ကြည့်ရင် ဆိုဗီယက်တို့ ပိုလန်နိုင်ငံကို ဝင်ရောက်ခဲ့စဉ်မှာ အမေရိကန်တို့က "ပိုလန်သည် ပိုလန်အတိုင်း ရှိပါစေ" (Let Poland Be Poland)ဆိုတဲ့ ရုပ်ရှင်ကိုရိုက်ကူးပြီး ကမ္ဘာကိုဖြန့်ချိခဲ့ဖူးတယ်။

အလားတူ လူထုယဉ်ကျေးမှုဆက်သွယ်ရေးနည်းလမ်းများကို ထိရောက်စွာအသုံးပြုနိုင်ခဲ့တဲ့အတွက် ကွန်မြူနစ်ကျူးဘားနိုင်ငံက ပြည်သူတွေအမေရိကန်ရဲ့ မြူးကြွတဲ့ ခေတ်ပေါ်တေးဂီတအော်ပရာတင်ဆက်မှုအစီအစဉ်များကို နှစ်ခြိုက်ကြသလို မော်စကိုဆယ်ကျော်သက်တို့အနေဖြင့်လည်း အမေရိကန်ဂျင်းပြာကို မှောင်ခိုဈေးကွက်မှာ ဝယ်ဝတ်ရတဲ့အထိ စွဲလမ်းတပ်မက်ခဲ့ကြဖူးတယ်။

ဒါပေမယ့် အနုပညာကို ဖန်တီးဖော်ဆောင်ကြတဲ့ အနုပညာရှင်တွေကတော့ အနုပညာသည်ပြည်သူ့အတွက်၊ အနုပညာသည် အနုပညာအတွက်ပဲ အဓိကထား ဖန်တီးခဲ့ကြတာပါပဲ။ ပျော်ရွှင်ဖို့၊ တက်ကြွဖို့၊ ကြည်နူးဆွတ်ပျံ့ဖို့၊ နှလုံးစိတ်ဝမ်း နူးညံ့အေးချမ်းစေဖို့ပါပဲ။ အဓိကအားဖြင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာပျော်ရွှင်စေဖို့ပဲလို့ ကျွန်တော်တော့ ယုံကြည်တယ်။

ထို့ကြောင့် အခါအားလျော်စွာ ဂီတကိုနားဆင်တယ်။ ခံစားတယ်၊ ဂီတရသပိုင်းကို အသက်အရွယ်အရ ဆင့်ကဲဆင့်ကဲ ပြောင်းလဲမှုဖြစ်စဉ်အရ ခံစားနားဆင်ပါတယ်။ ဆယ်ကျော်သက်အရွယ်က ROCK ပေါက်ကွဲသံစဉ်ကို ပိုစွဲမက်သလို နောက်ပိုင်း PoP တို့ ကိုယ်ပိုင်သံစဉ်တို့ကို ပြောင်းလဲခံစားတယ်။ အခုလေးဆယ်ကျော်မှာတော့ တစ်ခါတစ်ရံ စန္ဒရားလှထွဋ်၊ စန္ဒရားချစ်ဆွေတို့ရဲ့ သီချင်းတွေကို တငြိမ့်ငြိမ့်ညည်းတတ်လာပါပြီ။

ဒါပေမယ့် လေးဖြူ၊ ဇော်ဝင်းထွဋ်၊ မျိုးကြီးတို့အခု ဖြူဖြူကျော်သိန်းတို့ရဲ့ ဂီတသံစဉ်တွေကိုလည်း လက်မလွတ်ပါဘူး။ ဘာကြောင့်လဲဆို သူတို့က ကျွန်တော်တို့ကို ဆယ်ကျော်သက် လူငယ်ဘဝကို ပြန်ခေါ်ခေါ်သွားပေးလို့ပဲဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဂီတအစည်းအရုံးသက်ကြီးပူဇော်ပွဲမှာ ကိုလေးဖြူနဲ့ဆုံခဲ့တုန်းက ကိုယ့်ကိုယ်ကိုယ်မိတ်ဆက်ပြီး "ကိုလေးဖြူသီချင်းတွေပြန်နားထောင်မိရင် ကျွန်တော်အသက်ပြန်ငယ်သွားတယ်"လို့ ပြောခဲ့သေးတယ်။ ဂီတကို ကျွန်တော်နားဆင်ရတဲ့ ရည်ရွယ်ချက်ကိုက ငြိမ်းချမ်းချင်လို့ အတိတ်က နေ့ရက်တွေဆီ ဂီတနဲ့ ပြန်ခရီးနှင်ဖို့ပဲ။

မျက်မှောက်ကာလာမှာဆိုရင် ဂီတအနုပညာရဲ့ စွမ်းအားက ပိုပြီးအရေးပါလာပါပြီ။ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ နိစ္စဓူဝ လူမှုဘဝထဲမှာ ပြည်သူအများစုရဲ့စိတ်ထဲကို မကြာခဏနေရာယူနေတဲ့ အလိုမကျစိတ်တွေ၊ ဒေါသစိတ်တွေ၊ လူ့ဘောင်လောကရဲ့ ငြိမ်းချမ်းမှုကို ဖျက်ဆီးမယ့် ကြမ်းတမ်းတဲ့စိတ်စေတသိက်တွေ၊ ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်တဲ့ ရန်လိုမုန်းတီးစိတ်တွေ လျော့ပါးသွားအောင် ဂီတကို နားဆင်ပြီးတစ်ခါတရံ စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ပါးပါး သီချင်းတွေဆိုကြရအောင်ပါ။

တင်ပြလိုတဲ့ အဓိက ရည်ရွယ်ချက်ဖြစ်တဲ့ နှစ်ပေါင်း ၆၀ ကျော်ကြာ ငြိမ်းချမ်းရေးနဲ့ ကင်းဝေးခဲ့တဲ့ တိုင်းရင်းသားဒေသအချို့က သတ္တန္တရကပ်ဘေးကြုံတွေ့နေရတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအတွက် အကြောက်တရားနဲ့ သောကဗျာပါဒအပေါင်း ကင်းဝေးသွားအောင် ငြိမ်းချမ်းရေးသံစဉ်တေးသွားတွေကို သောတဆင်နိုင်ဖို့လည်း လိုအပ်လာပါပြီ။

ထို့ကြောင့် လာမယ့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးမှာ သက်ဆိုင်သူအားလုံး သံသယတွေလက်သီးဆုပ်တွေကို ဖယ်ရှားပြီး ငြိမ်းချမ်းရေးသံစဉ်တေးသီချင်းတွေကို စိတ်လွတ်ကိုယ်လွတ်ပျော်ပျော်ပါးပါး သီဆိုကြရအောင်။

ကျွန်တော်တို့ ဆယ်ကျော်သက်အရွယ်က တေးရေးပညာရှင် မောင်သစ်မင်းရေးခဲ့တာဖြစ်မယ်ထင်တယ်။ ကိုကျော်(ဦးကျော်ဟိန်း)သီဆိုခဲ့တဲ့ "ရန်ပွဲတွေရပ်. . . ငြိမ်းချမ်းရေးကို မင်းမြင်လား. . . ကောင်းကင်ထက်မှာ ချိုးဖြူငှက်များ ဝဲပျံစွာ တွေ့လား. . . အမုန်းစစ်ပွဲတွေ သီချင်းနဲ့ရပ်လိုက်စမ်း. . . တို့တွေအားလုံး တစ်ဦးနဲ့တစ်ဦးချစ်ကြစမ်းပါ. . . ဆင်းရဲချမ်းသာ ကွဲနေမှုတွေ မလိုအပ်ဘူး. . . တို့တွေ တစ်ဦးနဲ့တစ်ဦးကို ချစ်ကြစမ်းပါ. . . ရန်ပွဲတွေရပ်ပစ်"ဆိုတဲ့ သီချင်းကို ပြန်သတိရပြီး ငယ်ဘဝလမ်းဘေးဂီတာဝိုင်းတွေမှာလို စိတ်လွတ်ကိုယ်လွတ် ပြန်ဆိုချင်လာမိသလိုပဲ။

လူထုဆက်သွယ်ရေးနည်းလမ်း၊ လူထုယဉ်ကျေးမှု အခြေပြုနည်းလမ်းတွေနဲ့ ဝါဒဖြန့်ချိတာတော့ မဟုတ်ရပါဘူး။ ကမ္ဘာကြီးရဲ့ နေရာတော်တော်များများက မငြိမ်းချမ်းမှုတွေ၊ ပဋိပက္ခတွေ၊ စစ်ပွဲတွေကို ကြည့်ပြီး ကမ္ဘာကြီး ငြိမ်းချမ်းသာယာချင်လို့ စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ပါးပါး သီချင်းဆိုချင်စိတ်တွေ ပေါက်လာမိတာဖြစ်ကြောင်းပါဗျာ။

---

# ဘော်ကြိုဘုရားကြီး၌ ဆီမီးတစ်သောင်းပူဇော်မည်

**သီပေါ နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်မှ သီပေါမြို့နှင့် ငါးမိုင်အကွာရှိ သမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီးတွင် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့် နိုဝင်ဘာ ၁၇ ရက် ည ၆ နာရီမှ စတင်၍ ဂေါပကအဖွဲ့မှ ကြီးမှူးကာ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။

အဆိုပါ ဆီမီးတစ်သောင်းပူဇော်ပွဲသို့ ရပ်ဝေးရပ်နီးတို့မှ ပါရမီရှင် ဗုဒ္ဓဘာသာဝင်များ လာရောက်ကြည်ညိုနိုင်ပြီး အလှူငွေနှင့် ဖယောင်းတိုင်များ လှူဒါန်းလိုပါက ဦးအောင်ခင် ဥက္ကဋ္ဌ ဂေါပကအဖွဲ့ ဖုန်း- ၀၈၂-၈၀၀၁၂သို့လည်းကောင်း၊ ဦးလှဝင်းမောင် အတွင်းရေးမှူး ဂေါပကအဖွဲ့ ရုံးဖုန်း - ၀၈၂ - ၈၀၂၂၈ သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(သီပေါကိုလတ်)**



---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရန်ကုန်တိုင်းဒေသကြီးအစိုးရ
# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
# ပစ္စည်းဝယ်ယူရေးအဖွဲ့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ပုံနှိပ်စက်၊ ပုံနှိပ်စက်သုံးစက္ကူဖြတ်ခါးစက်များ | 1 Lot |
| (ခ) | မြက်ဖြတ်စက်/မြက်ပြားခွာစက်နှင့်ဆက်စပ်ပစ္စည်းများ | 1 Lot |
| (ဂ) | 1.2 A Alkaline Battery နှင့် Battery Chargerများ | 1 Lot |

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၈-၁၁-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

---

# မြန်မာဧရာဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၌ တည်ဆောက်နေသော ခုတင်(၁၀၀)ဆန့် (၃)ထပ် အထူးကုဆေးရုံကြီးတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဈေးနှုန်းအဆိုပြုလွှာ(Quatation)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) Materials and Installation for Electrical Works

(၂) Material and Installation for Water Supply and Sanitation Works

**ဆက်သွယ်ရန်လိပ်စာ(ရန်ကုန်ရုံး)** - **တိုက်စီ(၁)၊ အခန်း-၀၀၄၊ နှင်းဆီလမ်း၊ ယုဇနအိမ်ရာ၊ ဟိုင်းဝေးကွန်ပလက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၃၁၃၄၈၅၈၁၊ ၀၁-၅၃၄၆၁၄၊**

**Email:midpco2013@gmail.com, Fax: ၀၁-၅၃၄၆၁၄**

**(ပုသိမ်ရုံး)** - **အမှတ်-၁၊ မြေနုလမ်း၊ ၄-ရပ်ကွက်၊ ပုသိမ်မြို့**

**ဖုန်း-၀၄၂-၂၃၈၇၈၊ Email:Ayarwaddypeo@gmail.com, Fax: 042-23878**

**တင်ဒါပိတ်မည့်ရက်** - **၂၃-၁၁-၂၀၁၃ရက်**

---

# အခွန်ကြွေးကျန်ရှိသူများ အချိန်မီပေးသွင်းကြရန် နှိုးဆော်ချက်

နိုင်ငံတိုင်းတွင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အုပ်ချုပ်မှု ယန္တရားများ ထူထောင်လည်ပတ်ရန် အခွန်အခများကို ကောက်ခံကြစမြဲဖြစ်ပါသည်။

အခွန်ထမ်းဆောင်ရန် တာဝန်ရှိသူများကလည်း နိုင်ငံသားကောင်းတစ်ဦးအဖြစ် ဂုဏ်ယူလျက် အခွန်ကိုပေးဆောင်ကြပါသည်။

အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူ လူနည်းစုကိုလည်း ဥပဒေများနှင့်အညီ အရေးယူလေ့ရှိပါသည်။

မိမိတို့နိုင်ငံတွင် အခွန်ကြွေး(အခွန်မပြေကျန်ငွေ)အတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးများသည် ဝင်ငွေခွန်ဥပဒေအရလည်းကောင်း၊ ဥပဒေအရပေးအပ်ထားသော တရားစီရင်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် တရားမကျင့်ထုံးဥပဒေအရလည်းကောင်း၊ အောက်ပါနည်းလမ်းများကို ဆောင်ရွက်ခွင့်ရှိပါသည်-

(၁) ဥပဒေအရ ဒဏ်တပ်ရိုက်ခြင်း (အခွန်ကြွေးကျန်ပမာဏ၏ ၁၀၀%အထိ ဒဏ်ငွေရိုက်ခြင်း)

(၂) ပျက်ကွက်သူပိုင် ပစ္စည်းများကို ဝရမ်းကပ်ခြင်း

(၃) တရားဥပဒေပါအတိုင်း ပစ္စည်းထိန်းခန့်အပ်ထား၍ စီမံခန့်ခွဲခြင်း

(၄) ပစ္စည်းကို လေလံတင်ရောင်းချခြင်း

(၅) အခွန်ပျက်ကွက်သူသို့ ငွေပေးရန်ရှိသော ပုဂ္ဂိုလ်များထံ အကြောင်းကြား၍ ထိုပေးရန်ရှိသောငွေကို အခွန်အဖြစ်ပေးဆောင်စေခြင်း

(၆) အခွန်ပျက်ကွက်သူအား ဖမ်းဆီးခြင်း၊ အကျဉ်းချထားခြင်းများ ပြုလုပ်ရန် သက်ဆိုင်ရာ တာဝန်ရှိသူသို့ အကြောင်းကြားခြင်း

အထက်ပါနည်းလမ်းများကို တစ်ခုချင်းစီ ကျင့်သုံးနိုင်သကဲ့သို့ နည်းလမ်းအားလုံးကိုလည်း တစ်ပြိုင်နက် ကျင့်သုံးနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့်(၂၁) နည်းဥပဒေ(၃၀)တွင် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ အခွန်ကြွေး(အခွန်မပြေကျန်ငွေ) ကျန်ရှိသူများ အခွန်ကြွေးကို အမြန်ဆုံးပေးသွင်းကြပါရန် မေတ္တာရပ်ခံပါသည်။

**အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

---







**စာမေးပွဲအောင်ပွဲဝင်ယတြာများ**

စာမေးပွဲဆိုတာ ပြိုင်ပွဲတစ်ခုပါပဲ။ အောင်မြင်ရန် ကံတရားလည်း အရေးကြီးပါတယ်။ ဒီအဆိုကို လက်ခံလျှင်လာခဲ့ပါ။

**ဖုန်း-၀၉-၅၀၇၅၈၂၇**




# ဦးရာလူရောင်းမည်

အောင်မင်္ဂလာကားဝင်းအတွင်း၊ အဝင်လမ်း၊ ဒဂုံလမ်းမကြီးပေါ်၊ ထောင့်ခန်း၊ လူနေဆိုင်ခန်း၊ R.C ၂ထပ်၊ ထောင့်ကွက်၊ ပြင်ဆင်ပြီး၊ ကားပါကင်ပါရှိပါသည်။ ဘဏ်လုပ်ငန်း၊ စတိုးဆိုင်၊ စားသောက်ဆိုင်ကြီး၊ အထူးကုဆေးခန်းနှင့် ငွေရင်းနှီးမြှုပ်နှံသူများ အထူးသင့်လျော်ပါသည်။

**အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေသူများ ဆက်သွယ်နိုင်ပါသည်။**
**နေရာကောင်း၊ လာရောက်ကြည့်ပြီးမှ ဆုံးဖြတ်ပါ။**
**(ညှိနှိုင်းဈေး)**
**ဆက်သွယ်ရမည့်ဖုန်း-၀၉-၇၃၂၃၇၇၈၄၊ ၀၉-၅၀၄၄၆၇၉**

# ရန်ကုန်မြို့လယ်ကောင်မှ မျဉ်းကျားရေးဆွဲရန်ကျန်ရှိနေသောနေရာတစ်ခု



သို့ပါ၍ အနော်ရထာလမ်း၏ တောင်ဘက်အခြမ်းမှ ဆူးလေဘုရားလမ်းအား ဖြတ်ကူးမည့်သူများ အချိန်ကုန် လူပန်းမဖြစ်စေရေးအတွက် နောက်ထပ်ခုံးကျော်တံတား မဆောက်လုပ်မီကာလအတွင်း လူကူးမီးပွိုင့်နှင့်အတူ လူကူးမျဉ်းကျားတစ်ခုရေးဆွဲပြီး ဖြတ်ကူးခွင့်ပြုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

## လင်းကိုကို

ရန်ကုန်မြို့တော်တွင် အရှေ့တောင်အာရှ အားကစားပွဲတော်အမီ ယာဉ်ရပ်နားရန်နေရာများ၊ မီးပွိုင့်အသစ်တပ်ဆင်မှုများ၊ လူကူးမျဉ်းကျားရေးဆွဲမှုများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

ထိုသို့ဆောင်ရွက်နေသည့် လုပ်ငန်းများအနက် ရန်ကုန်မြို့လယ်ရှိ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံ မီးပွိုင့်နေရာတွင် အနော်ရထာလမ်းကို ဖြတ်ကူးသည့် မျဉ်းကျားအဝါနှစ်ခုကို သစ်လွင်စွာတွေ့ရပြီး အဆိုပါမျဉ်းဝါကျားမှတစ်ဆင့် လူများ စနစ်တကျကူးသန်းနေကြသည်ကို တွေ့ရပါသည်။

သို့သော် အဆင်မပြေသည်မှာ ဆူးလေဘုရားလမ်းပေါ်တွင် လူကူးမျဉ်းကျားမရှိခြင်းပင်ဖြစ်သည်။ ဆူးလေဘုရားလမ်းကိုဖြတ်ကူးမည့် ပြည်သူများမှာ လမ်း၏မြောက်ဘက်အခြမ်းတွင် ခုံးကျော်တံတားရှိ၍ အဆင်ပြေနေသော်လည်း ဆူးလေဘုရားလမ်းဘက်အခြမ်း (တောင်ဘက်ခြမ်း)မှ ဖြတ်ကူးသူများမှာမူ လူကူးမျဉ်းကျားမရှိ၍ ကူးမရခြင်းဖြစ်ပါသည်။ ထိုမီးပွိုင့်နေရာရှိ တာဝန်ကျဝန်ထမ်းများမှ လမ်း၏တောင်ဘက်အခြမ်းမှ ဆူးလေဘုရားလမ်းကို ဖြတ်ကူးမည့်သူများကို ပထမအနော်ရထာလမ်းကိုဖြတ်၊ ပြီးလျှင် တံတားပေါ်တက်ပြီး တံတားပေါ်မှ ဆူးလေဘုရားလမ်းကို ဖြတ်ပြီးလျှင် တံတားအောက်ပြန်ဆင်း တစ်ဖန် အနော်ရထာလမ်းကို ပြန်ဖြတ်ခိုင်းနေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ဆူးလေဘုရားလမ်းအား လမ်း၏ တောင်ဘက်အခြမ်းရှိ ကြော်ငြာဆိုင်းဘုတ်မှ ယာဉ်ထိန်းရဲဂိတ်သို့ ကူးမည့်သူများမှာ ပေ ၁၀၀ ခန့်ကျယ်သည့် ဆူးလေဘုရားလမ်းအားဖြတ်ကူးမည်ဆိုပါက (၁) ပေ ၈၀ ခန့်ရှိသည့် အနော်ရထာလမ်း၏ မြောက်ဘက်ခြမ်းသို့ကူး၊ (၂) ပေ ၃၀ ခန့်ရှိသည့် လှေကားကိုတက်၊ (၃) ပေ ၁၈၀ ခန့်ရှိသည့် တံတားပေါ်မှ လမ်းလျှောက်ပြီး ဆူးလေဘုရားလမ်းကိုဖြတ်၊ (၄) ပေ ၃၀ ခန့်ရှိ လှေကားကို ပြန်ဆင်း၊ (၅)တစ်ဖန် အနော်ရထာလမ်း၊ ပေ(၈၀)ခန့်ကို ပြန်ဖြတ်ရပေသည်။ အနှစ်ချုပ်လိုက်ပါက ပေ ၁၀၀ ခန့်ကျယ်သည့် ဆူးလေဘုရားလမ်းကိုဖြတ်ရန် ပေ ၄၀၀ ခန့်တက်လိုက်၊ ဆင်းလိုက်နှင့် အချိန်ကုန်လူပန်း ဖြစ်ရသည်ကိုတွေ့ရပါသည်။

ဆူးလေဘုရားလမ်းပေါ်တွင် မီးပွိုင့်နီနေချိန်တွင် ခရီးသွားပြည်သူများ လမ်းဖြတ်ကူးနိုင်သော်လည်း လမ်းတစ်ဖက်တစ်ချက်ရှိ တာဝန်ကျဝန်ထမ်းများမှ လမ်းဖြတ်ကူးနိုင်ရန် ကူညီမပေးဘဲ လမ်းဖြတ်ကူးမည့်သူကို တားဆီးပြီး လမ်းတစ်ဖက်ခြမ်းသို့ စေလွှတ်၍ တံတားပေါ်အတင်းတက်ခိုင်းနေခြင်းမှာ မသင့်လျော်ဟုထင်ပါသည်။

နောက်တစ်ချက်မှာ ရန်ကုန်မြို့တော်၏ ပထဝီအနေအထားအရ နေသွားရာလမ်းကြောင်းမှာ တောင်ဘက်အရပ်တွင်ရှိပါသည်။ ထို့ကြောင့် ခြေကျင်ခရီးသွားပြည်သူအများစုမှာ နေ၏အပူဒဏ်ကို ရှောင်ရှားနိုင်ရန်အတွက် အရှေ့အနောက်သွယ်တန်းထားသော လမ်းများကို အသုံးပြုရာတွင် လမ်း၏ တောင်ဘက်အခြမ်းတွင်သာ အရိပ်ခို၍ သွားလာကြပါသည်။ သို့ပါ၍ လမ်း၏မြောက်ဘက်အခြမ်းကို အသုံးပြုသူများအနေဖြင့် တံတားပေါ်မှ တက်၍ ဆူးလေဘုရားလမ်းကို ဖြတ်ရသည်မှာ မထောင်းတာသော်လည်း လမ်း၏ တောင်ဘက်အခြမ်းမှ ခြေကျင်သွားလာသူများအနေဖြင့် လမ်း၏ မြောက်ဘက်အခြမ်းသို့ ကူး၍ အသုံးပြုရသည်မှာ အဆင်မပြေလှကြောင်း သိရှိနိုင်ပါသည်။ ၎င်းခြေကျင်ခရီးသွားများထဲတွင် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ ပါလာပါကပို၍ ပင်ပန်းစေမည် ဖြစ်ပါသည်။

**(ဆူးလေဘုရားလမ်းနှင့်အနော်ရထာလမ်းမီးပွိုင့်တွင် အနော်ရထာလမ်းတောင်ဘက်ခြမ်းမှ ခြေကျင်ခရီးသွားများအား မီးပွိုင့်နီနေချိန်တွင် လမ်းဖြတ်ကူးခွင့်ပေးသင့်ကြောင်း လွန်ခဲ့သော (၁) နှစ်ခန့်ကပင် မြဝတီနေ့စဉ်သတင်းစာတွင် ဓာတ်ပုံနှင့် တကွ အကြံပြုတင်ပြခဲ့ပြီးဖြစ်ပါသည်။)**

## လယ်မျှော့များ တရုတ်ဘက်မှ အဝယ်လိုက်၍ ဈေးကောင်းရနေ

**ရန်ကုန် နိုဝင်ဘာ ၁၅**

လယ်များတွင် အများဆုံး တွေ့ရသော လယ်မျှော့များကို တရုတ်ဝယ်လက်များက ဝယ်ယူကြခြင်းကြောင့် ဈေးကောင်းရသလို ကျေးလက်ဒေသခံများအတွက် အလုပ်ဖြစ်နေကြောင်း သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲမှ သတင်းရရှိသည်။

"မျှော့ကို ဒီမှာ ချက်စားဖို့နေနေ သာသာ မြင်တာနဲ့ကြောက်ကြတယ်။ အရင်က မျှော့များတဲ့နေရာ မျှော့တွယ်တဲ့ နေရာဆိုရင် မသွားရဲကြဘူး။ ကျွဲနွားတွေ ရေနက်ကွင်းထဲဆင်းပြီး ပြန်တက်လာရင် မျှော့တွေပါလာရော။ အဲဒီလောက် ရွံရှာကြောက်ရွံ့ကြတဲ့ သတ္တဝါကို အခုလူတွေက အသုံးချနေပြီ။ တချို့ရေနက်ကွင်းတွေမှာ ကျွဲတွေ၊ နွားတွေကို ဆင်းခိုင်းပြီး ပြန်တက်လာရင်ကိုယ်မှာကပ်နေတဲ့ မျှော့ကို အလွတ်မပေးတော့ဘူး။ လူကိုယ်တိုင်လည်း မျှော့အတွယ်ခံပြီးတော့ ရောင်းကြတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ရှင်းပြသည်။

ထိုမျှော့များကို ဝယ်ယူ၍ ဟင်းလျာအဖြစ် ပြန်လည်သုံးစွဲခြင်းဖြစ်သောကြောင့် ယင်းကဲ့သို့ဈေးကောင်းပေးကာဝယ်ယူခြင်းဖြစ်ပြီး လွန်ခဲ့သောဘဏ္ဍာနှစ်အတွင်းက မက်ထရစ်တန်ချိန် ၉ တန်တင်ပို့ရာမှ ဒေါ်လာ ၈၅၀၀၀ ရရှိခဲ့ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ဆိုသည်။

ဆက်လက်ပြီး ၎င်းက "တရုတ်ဘက်မှာ အဲဒါကို ဟင်းပွဲအနေနဲ့ လုပ်တာ။ ကျွန်တော်တို့ကိုယ်တိုင် တရုတ်ပြည်ထဲသွားတော့ အထူးဟင်းပွဲအနေနဲ့ ဧည့်ခံတယ်။ လိပ်ရော၊ တောက်တဲ့ရောအကုန်ပါတယ်။ တောက်တဲ့ကြီးဆိုရင် ခေါင်းထောင်နေတာပဲ" ဟု ရှင်းပြခဲ့သည်။ ထို့ကြောင့် မျှော့ကိုလည်း အမယ်သစ်ပို့ကုန်တစ်ခုအဖြစ် တင်ပို့ခြင်းများရှိကြောင်း ဆက်လက်သိရှိရသည်။

**(ထက်ခိုင်-စမ်းချောင်း)**

## လူမှုရေး/စီးပွားရေးကြော်ငြာ


### ရန်ကုန်မြို့၊ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တန်ဆောင်မုန်းတရားစခန်း

မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ဥပနိဿယအတိုင်း ဆရာကြီး၏ လက်ရင်းတပည့်များဖြစ်သော ဓမ္မကထိက ဆရာ ဦးခင်မောင်ရီ၊ ဆရာ ဦးမောင်အုန်းနှင့် ဆရာ ဦးသိန်းဆွေ(ရန်ကုန်)တို့က ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်များ ဟောပြောပြသလျက် (၁၀၉)ကြိမ်မြောက် တန်ဆောင်မုန်းတရားစခန်းကို တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ မာဃဓမ္မာရုံတော်ကြီးတွင် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ ဖွင့်လှစ်မည် ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသူများ ၂၄-၁၁-၂၀၁၃ရက် ညနေ ၅း၃၀ နာရီထက် နောက်မကျဘဲ အရောက်လာကြရပါမည်။

ကိုယ်ပိုင်ရိပ်သာကို ၂၀၁၃ခုနှစ်၊ ဇူလိုင်လတွင် ဆောက်လုပ်နေရာ ဒုတိယထပ်သို့ရောက်ရှိပြီဖြစ်ပါ၍ ဆောက်လုပ်ဆဲကာလ အင်တိုက်အားတိုက် ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အသေးစိတ်သိလိုသူများနှင့် လှူဒါန်းလိုသူများ-ဦးချစ်ရင် နာယက ဖုန်း-၀၉-၅၀၅၂၁၁၅၊ ဦးသိန်းစိန် နာယက ဖုန်း-၀၉-၇၃၀၀၀၃၉၃၊ ဦးမောင်အုန်း ဓမ္မကထိက ဖုန်း-၀၉-၄၂၁၀၁၆၃၅၁၊ ဦးခင်မောင်ရီ ဓမ္မကထိက ဖုန်း-၀၉-၇၃၀၆၅၆၈၅၊ ဦးသိန်းဆွေ ဓမ္မကထိက ဖုန်း-၀၉၅၀၆၃၁၈၄၊ ဦးမြသောင်း ဥက္ကဋ္ဌ ဖုန်း-၂၉၂၀၅၀၊ ဦးညွန့်လှိုင် ဒုတိယဥက္ကဋ္ဌ ဖုန်း- ၅၄၆၈၃၈၊ ဦးသန်းလွင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၀၀၁၂၉၊ ဦးစိန်ဝင်း အတွင်းရေးမှူး၊ ဖုန်း-၀၉-၄၉၃၂၆၅၉၃၊ ဦးစိုးဝင်း ဘဏ္ဍာရေးမှူး ဖုန်း- ၅၆၄၇၄၄ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မဟာသန္တာရုံကျောင်းမှ စာချ စာသင် ပင့်သံဃာ(၁၈၀)ပါးတို့အား အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ကလေး)မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား၊ ဂေါပကနှင့် အလှူရှင်များမှ (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်) ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီး/ရပ်ဝေး အလှူရှင်များကို အသိပေး ဖိတ်ကြားအပ်ပါသည်။

### ဆေးတက္ကသိုလ်(၂) အာစရိယပူဇော်ပွဲ

ဆေးတက္ကသိုလ်(၂) ပထမနှစ် (၁၉၈၂၊ ၁၉၈၃၊ ၁၉၈၄) ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို 2013 Nov 30 (Sat) 8:00- 11:00 AM (DOLPHIN RESTAURANT) တွင် ကျင်းပမည်ဖြစ်ပြီး 2013 Dec 1 (Sun)တွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ အရဟံဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

ဒေါက်တာ စိုးမင်းနိုင်(၀၉၅၁၃၈၇၀၃)၊ ဒေါက်တာ အေးအေးစန်း (၀၉ ၅၁၁၄၅၃၆)၊ ဒေါက်တာ ခင်ခင်လေး (၀၉ ၅၁၂၀၇၇၃)၊ ဒေါက်တာ ဝင်းနိုင်ထွန်း (၀၉-၅၁၂၄၇၂၀)၊ ဒေါက်တာ တင်လှိုင် (၀၉ ၅၁၉၉၅၉၆)၊ ဒေါက်တာ စပယ်ဖြူ (၀၉ ၅၀၁၄၁၇၃)၊ ဒေါက်တာအောင်မျိုးထွန်း (၀၉ ၅၁၉၅၄၉၂)၊ ဒေါက်တာကျော်မင်း (၀၉ ၅၁၂၉၀၄၂)၊ ဒေါက်တာကြူကြူအုန်းရှိန် (၀၉ ၅၁၂၀ ၁၉၀)တို့ထံသို့ ဆက်သွယ်နိုင်ပါသည်။

### ပျောက်ဆုံးခြင်း

ကျွန်တော် သီဟအောင်(CDC NO.82538)၏ PSCRB လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်ပို့ပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၅၄၁၅၂**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၊ ၂ယ/၇၄၃၇၊ Loncin L×110 ယာဉ်လက်ဝယ်ရှိသူအမည်၊ ဦးဝင်းကျော်၊ မှတ်ပုံတင်အမှတ်[၅/စကန(နိုင်)၀၄၀၇၉၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **က. ည. န၊ ခရိုင်ရုံး(စစ်ကိုင်း)**

### ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)

**ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာနမှ ဘွဲ့ရကျောင်းသူ/သားဟောင်းများ**

1st batch to 17th batch ၏ ဒုတိယအကြိမ်ဆရာကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၁-၁-၂၀၁၄ ရက် နံနက်(၉)နာရီ

ကျင်းပမည့်နေရာ - ROYAL.GARDEN (ကန်တော်ကြီး)

**ဆက်သွယ်ရန်ဖုန်း---**

**(၁)ကိုဌေးအောင်(၀၉-၅၀၇၀၁၀၄)** **(၄)မချမ်းမြေ့ဝင်း(၀၉-၄၅၀၀၅၄၀၀၉)**
**(၂)မနေခြည်ထွေး(၀၉-၇၃၁၃၁၅၉၃)** **(၅)မသက်စုဝင်း(၀၉-၅၀၅၄၁၉၆)**
**(၃)မသူဇာမမိုးမင်း(၀၉-၄၃၀၁၄၂၁၉)** **(၆)မနွေးနွေးဝင်း(၀၉-၅၄၀၅၆၆၅)**







### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၂၊ မြေကွက်အမှတ်-၄၂၅၊အကျယ်(၆၀×၈၀)ပေ ပါမစ်မြေအမျိုးအစားမြေပေါ်ရှိ အမှတ်(၄၂၅)၊ ဝန်ထမ်းကြီးလမ်း၊ (၂၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒုတိယဗိုလ်မှူးကြီးထင်သိန်း[၁၃/လခန(နိုင်)၀၀၂၇၄၃] အမည်ပေါက်လျက်ရှိပြီး အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ပိုင်ဆိုင်သူ ဒေါ်ဝင်းမာထွန်း[၁၂/ဥကမ(နိုင်)၀၆၂၉၄၉]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသန်းဦး** **ဦးသန့်ဇော်**
**အထက်တန်းရှေ့နေ (စဉ်-၃၂၃၅)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ပထမထပ် (ဝဲ)၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၅၁)ရပ်ကွက်၊ စက်မှုကြွေမြေလမ်း၊ အမှတ်(၈-က)နေ ဒေါ်ခင်[၁၂/ဒဂမ(ပြု)၀၀၀၁၆၀]၏ သမီးကြီးဖြစ်သူမမြင့်မြင့်မော် N/DGN-MTT ၀၁၇၆၈၃ သည် မိခင်၏ဆိုဆုံးမမှုကို မလိုက်နာဘဲ မိမိ၏သဘောဆန္ဒအလျောက်နေအိမ်မှ ၇-၁၁-၂၀၁၃ရက်တွင် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ) **ဒေါ်ခင်**

ပြည်တွင်းရေးရာ

# တွံတေးမြို့ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းလှည့်လည်အပူဇော်ခံမည်



**တွံတေး နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကိန်းဝပ်စံပယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူကုန်သော ဗုဒ္ဓရုပ်ပွားတော်များ (၃၆)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ လှည့်လည် ပူဇော်ခံပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၇ရက်) ညနေ ၆နာရီမှစ၍ မြို့တွင်းရပ်ကွက်အသီးသီးသို့ ဒေသစာရီကြွချီအပူဇော်ခံမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၁၆ ရက်) ည ၇ နာရီတွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့နံနက် အရုဏ်တက်ချိန်တွင် ဗုဒ္ဓရုပ်ပွားတော်များနှင့် ရွှေဆံတော်စေတီတော်မြတ်ကြီးအား မသိုးသင်္ကန်းများ၊ဆွမ်းတော်ကြီးများ ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ခံပွဲ၌ မြို့ပေါ် (၈)ရပ်ကွက်၊ ခလရ(၇၀) တပ်ရင်းမိသားစုနှင့် ညောင်တံခါးရှမ်းစုကျေးရွာများမှ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များအား မီးအလှများ အပြိုင်ပြင်ဆင်ကာ ဆင်နွှဲကြသည်။ နှစ်ကျိပ်ရှစ်ဆူပူဇော်ခံပွဲတွင် ကြည်ညိုသပ္ပာယ်စရာအကောင်းဆုံးဘုရားယာဉ်များကို ပထမဆု ကျပ်ငါးသိန်း၊ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆု ကျပ်သုံးသိန်းနှင့် နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့် ပေးသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၃ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ ဇာတ်ပွဲ၊ ရုပ်ရှင်နှင့် ပျော်ပွဲရွှင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် ရပ်နီး၊ရပ်ဝေးမှ ဘုရားဖူးများအား တွံတေးမြို့၏ နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲသို့ တစ်ခါတစ်ခေါက် လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## မိခင်သေဆုံးမှုဆန်းစစ်ခြင်း အသိပေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မိခင်ကလေးကျန်းမာရေးဌာနစိတ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်နယ်အဆင့် မိခင်သေဆုံးမှုဆန်းစစ်ခြင်းအသိပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းက မိခင်သေနှုန်းကျဆင်းရေးအတွက် မိခင်သေဆုံးမှုစိစစ်ခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သူများအား အသိပေးခြင်း၊ မိခင်သေဆုံးမှုစိစစ်ရေးအဖွဲ့များကို မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ဗဟိုအဆင့်အထိဖွဲ့စည်းပြီး စိစစ်တွေ့ရှိချက်များအပေါ် သုံးသပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ စနစ်တကျချမှတ်ဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က မိခင်သေဆုံးမှုဆိုင်ရာ စိစစ်ခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များနှင့် မိခင်သေဆုံးမှုများနှင့် ပတ်သက်သောအချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**(အေးသန်း)**

## အော်တိုတယ်လီဖုန်း ကျသင့်ငွေအသေးစိတ်တောင်းခံနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၅**

တယ်လီဖုန်းသုံးစွဲသူများ အဆင်ပြေစေရန်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည်အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

GSM/ CDMA/ WCDMA ဖုန်းများအသုံးပြုပါက မိမိသုံးစွဲလိုက်သော ကျသင့်ငွေကို သိရှိရန် ဖုန်းတွင် message ရိုက်ထည့်၍လည်းကောင်း၊ အသံဖြင့်လည်းကောင်း ကျန်ငွေကို သိရှိနိုင်သည်။

သို့သော် ကြိုတင်ငွေ ပေးသွင်းရသော အော်တိုတယ်လီဖုန်းတွင် ယင်းစနစ်မပါရှိပေ။ ထို့ကြောင့် မိမိသုံးစွဲလိုက်သော လက်ကျန်ငွေနှင့်ကုန်ကျမှုစာရင်းတို့ကို ရန်ကုန်မြို့ မောင်ထော်လေးလမ်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာန၌ ကျသင့်ငွေအသေးစိတ်ကို အချိန်အနည်းငယ်အတွင်း တောင်းခံနိုင်ကြောင်းသိရသည်။

ဖုန်းပြောခကျသင့်ငွေ အသေးစိတ်စာရင်းတောင်းခံရာတွင် တောင်းခံသူ၏ လျှောက်လွှာ(သို့မဟုတ်) ကုမ္ပဏီဖြစ်ပါက Letter Head ပါရှိရမည်ဖြစ်ကြောင်း၊ တောင်းခံသူ၏ မှတ်ပုံတင် မူရင်း/မိတ္တူ၊ မူလပိုင်ရှင်၏ မှတ်ပုံတင်မူရင်း/မိတ္တူနှင့်တယ်လီဖုန်းအခွန်ငွေစာရင်း တောင်းခံလွှာ မှတ်တမ်းစာအုပ် မူရင်း/မိတ္တူတို့ လိုအပ်သည်။

ဝန်ဆောင်ခအနေဖြင့် မိမိသုံးစွဲကျသင့်ငွေကျပ်၂၀၀၀၀အထိဆိုလျှင် ကျပ်၅၀၀၊ ကျပ်၂၀၀၀၀ မှ ၅၀၀၀၀ အထိဆိုလျှင် ကျပ် ၁၀၀၀၊ ကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ အထိ ဆိုလျှင် ကျပ်၁၅၀၀၊ ကျပ်၁၀၀၀၀၀ အထက်ဆိုလျှင် ကျပ် ၂၀၀၀ အသီးသီးပေးသွင်းရမည်ဖြစ်သည်။ အသေးစိတ်တောင်းခံလွှာကို သုံးလတာကာလအတွက်သာ တောင်းခံနိုင်သည်။ ထို့ပြင် ပြည်ပခေါ်ဆိုနှုန်းထားအတွက်ဆိုလျှင် တစ်လစာလျှင် ကျပ် ၁၀၀၀ ပေးသွင်းရမည်။ အော်တိုတယ်လီဖုန်းပြောဆိုခ အသေးစိတ်တောင်းခံလွှာကို ရုံးဖွင့်ရက်များတွင် နံနက် ၉နာရီခွဲမှ မွန်းလွဲ ၂နာရီအထိရယူနိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာနမှ သိရသည်။ **(ခင်ချိုဝင်း)**

## စီးပွားရေးကြော်ငြာ

## လူကုန်ကူးမှုကာကွယ်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး




**တိုင်းရင်းသားများပြင်လိုသော**

အခြေခံ ဥပဒေပြင်ဆင်ချက် (၇) ချက်

ဆလိုင်းမာန် ၂၀၁၃ ခုနှစ်၊ ရွှေပြည်သစ် စာပေ

ဖုန်း-၀၉ ၄၂၁၁၆၇၂၃၃ မှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်။







**လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး အစီအစဉ်သစ်**

(၁) ဘာသာစုံ အလှပြင် (၂)ပန်းချီ (၃)ခေတ်ပုံ (၄)ကိုရီးယား
(သင်တန်းပြီးဆုံးပါက အလှပြင်လုပ်ငန်းခွင်ဝင်ရန်နှင့် ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်ရန် စီစဉ်ပေးမည်။)

**ပညာဒါန အထူးအစီအစဉ်**

အလှပြင် ဝန်ထမ်းဘာသာစုံသင်တန်းကို ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အသက် (၁၈)နှစ်ပြည့်ပြီးသူ လူငယ်(ကျား၊မ)များအတွက် ရက်တိုအတတ်သင်ကြားနိုင်ရန် ဖွင့်လှစ်ထားသည်။

**စီးပွားရေးနှင့် အနုပညာဗုဒ္ဓဘာသာ သင်တန်းကျောင်း**
**အမှတ်(၁၁)မြေညီ၊ အောင်ဘာလေလမ်း၊ သီတာမှတ်တိုင်၊ ကျောက်မြောင်း၊ တာမွေ။**
**ဖုန်း-၀၉-၇၃၁၂၉၃၀၁၊ ၀၉-၃၁၀၆၅၅၃၀၊ ၀၉-၇၃၀၆၈၉၉၃**

## ကျေးဇူးတင်ရှိကြောင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေရတနာလမ်း၊ အမှတ်(၁၃၈)နေအိမ်၌ ၉-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သူ ကိုထွန်းထွန်းနိုင်၏ နာရေးကိစ္စအဝဝတို့ကို ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြသော (Pioneer Car Salef)မှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ ကိုထွန်းထွန်းနိုင်၏ ရပ်ဝေးရပ်နီးမှ ဆရာသမားများနှင့် မိတ်ဆွေအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**
**ဇနီး-မတင်မိုးလှိုင်**
**သမီး-ထွန်းအိန္ဒြာလှိုင်**
**သား-ကောင်းစည်သူ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (ရုံးချုပ်)၏ အသင်းဝင်အမှတ်(၂၅၅)၊ အလုပ်အမှုဆောင်ဖြစ်သူ ဦးအောင်ဖုန်းနှင့် ဒေါ်အေးအေးဝင်း(ပဟမာန်ဦးကုန်စည်ပို့ဆောင်ရေး)၏မိခင် ဒေါ်အေးအေး(ခ)အဖီးပန်းအေးသည် ၁၀-၁၁-၂၀၁၃(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**အဝေးပြေးကုန်စည်ပို့ဆောင်ရေး**
**ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြင့်မြင့်သန်း(ပုသိမ်)**
**အသက်(၇၈)နှစ်**

ချစ်သူငယ်ချင်း Dr. ခင်သန္တာစု၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်မြင့်မြင့်သန်း (၇၈)နှစ်သည် ၁၀-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါကြောင်း။

**၁၉၈၃ -၈၈ခုနှစ် ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဦးသန်းချို**
**ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**အသက်(၅၈)နှစ်**

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာဦးသန်းချို အသက်(၅၈)နှစ်သည် ၁၁-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများမိသားစု**
**ဆေးသိပ္ပံပညာဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးကောင်းလှဖြူ(ကြည်း-၃၃၇၈ )**
**အသက်(၈၇)နှစ်**
**ပုဏ္ဏာကျွန်းမြို့နယ် လူမှုရေးအသင်း(ရန်ကုန်) အသင်းနာယက**

သူငယ်ချင်း ဒေါ်ကြည်ကြည်လှ(Chief Accountant) (ဇီဇဝါ Health Care)၏ ဖခင်ကြီးသည် ၈-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**၁၉၇၉ စီးပွားရေးတက္ကသိုလ်ဘွဲ့ရသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်တင်အုန်းမြင့်(အထပြ-ငြိမ်း)တို့၏ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း (ညောင်တုန်း) [လ/ထ အမှုဆောင်အင်ဂျင်နီယာ၊ ငြိမ်း-ဆောက်လုပ်ရေး] အသက်(၉၂)နှစ်သည် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျော်သာဆောက်လုပ်ရေးအဖွဲ့ကုမ္ပဏီလီမိတက်**

### ဦးမြင့်သန်း (၇၂)နှစ်

**Chief Engineer, CDC-5366**

